မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၉)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများကြည့်ရှု

ပင်မတံတားသံပေါင်တပ်ဆင်မှုလုပ်ငန်း ၁၁၂၆ မီတာအနက် ၈၈၆ မီတာ တပ်ဆင်တည်ဆောက်ပြီးဖြစ်

တံတားတည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီ တံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးအောင်စိုး(ငြိမ်း)က သင်တန်းကျောင်းနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ ရေမီးရရှိမှု၊ သင်တန်းကျောင်းဝင်းအတွင်း ရာသီပန်း နှစ်ရှည်ပင်စိုက်ပျိုးထားမှု၊ ဆိတ်၊ နွားမွေးမြူထားမှု၊ ပထမအဆင့်အနေဖြင့် ကြက်ဆူပင် ၁၂ ဒသမ ၂၈ ဧက၊ ဒုတိယအဆင့်အနေဖြင့် ကြက်ဆူပင်ငါးဧကစိုက်ပျိုးရန်အတွက် မျိုးစေ့များ စုဆောင်းပျိုးထောင်ထားမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်နေမှု အခြေအနေကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ပွဲ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးရေး ခြံစည်းရိုးကြက်ဆူပင်များ ရည်မှန်းချက် ပြည့်မီအောင်စိုက်ပျိုး

ခြံစည်းရိုး ကြက်ဆူရိုင်းပင်သည် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်၍ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုတပြီး ရေးနှစ်ပေါင်းများစွာကပင် ဒေသအနှံ့ပေါက်ရောက်လျက်ရှိသည်။ ကြက်ဆူရိုင်းမျိုးရရှိရန် လွယ်ကူပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ကုန်ကျစရိတ် သက်သာစွာဖြင့် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

ယခင်က ကြက်ဆူရိုင်းပင်မှာ ခြံစည်းရိုးပင်အဖြစ်သာ အသုံးဝင်နေပြီး ယင်း၏တန်ဖိုးများလည်း အလဟဿ ဆုံးရှုံးနေခဲ့ရသည်။ ယခုအခါ ကြက်ဆူစေ့ကိုကြိတ်၍ရသော ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် စက်ယန္တရားများနှင့် ယာဉ်များကိုမောင်းနှင်နိုင်ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ခြံစည်းရိုးကြက်ဆူပင် ဧကေါ်သိန်းစီ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဖေဖော်ဝါရီလ ၄ ရက်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ ပျိုးထောင်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်အားပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကြက်ဆူစေ့များ၊ ကြက်ဆူဆံများ၊ ကြက်ဆူပျိုးပင်များ၊ ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ)တို့ကို ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြားရာတွင်-

"နိုင်ငံတော်အကြီးအကဲအနေဖြင့် ဤကဲ့သို့ အလဟဿဆုံးရှုံးနေရသည့် ခြံစည်းရိုးကြက်ဆူရိုင်း၏ တန်ဖိုးကို ဖော်ထုတ်ပြီး ကြက်ဆူရိုင်းစိုက်ပျိုးရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ မိသားစုဝင်ငွေတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ထိထိရောက်ရောက် အကျိုးသက်ရောက်နိုင်သည့် ကြက်ဆူရိုင်း စိုက်ပျိုးရေးလုပ်ငန်းကို ရည်မှန်းချက်ဧကများ ရရှိလာသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရေး"

မှာကြားခဲ့သည်။

စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ ကြက်ဆူပျိုးထောင်ပွဲတွင် ဧက၄၀၀အတွက် ပျိုးပင်ပေါင်း ၄၈၀၀၀၀ ပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခံတက်ပင်စိုက်ကွင်း၌ ခြံစည်းရိုးကြက်ဆူဧက ၁၀၀အတွက် ပျိုးကိုင်း၁၂၀၀၀၀ ပျိုးထောင်အောင်မြင်လျက်ရှိပြီး သစ်တောဦးစီးဌာန ခံတက်ပင်စိုက်ခင်း၌လည်း ခြံစည်းရိုးကြက်ဆူ (အစေ့ကြားမျိုး) နှစ်ဧက တစ်အုပ်တစ်မ အောင်မြင်ဖြစ်ထွန်းနေသည်။ စဉ့်ကူးမြို့နယ်အတွင်း ယခင်ကပင် ကြက်ဆူကြားမျိုးကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိနေပြီး ယခုအခါ ခြံစည်းရိုးကြက်ဆူရိုင်းများကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံရှိ ခြံစည်းရိုးကြက်ဆူရိုင်း ပျိုးဥယျာဉ်တွင် ကြက်ဆူရိုင်းတစ်ဧကလျှင် အပင်၁၂၀၀ စုစုပေါင်းဧက ၄၀ အပင်ပေါင်း ၄၈၀၀၀ စိုက်ပျိုးထားပြီး ဖြစ်သည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ယခုနှစ်တွင် ကြက်ဆူရိုင်း စိုက်ဧက၁၀၀အတွက် မျိုးစေ့၁၂၀၀၀၀နှင့် ကိုင်းထိုးမျိုး၃၀၀၀၀ စုစုပေါင်းပင်ရေ ၁၅၀၀၀၀ စိုက်ပျိုးထားသည်။

မန္တလေးတိုင်းအတွင်း ၂၀၀၆-၂၀၀၇ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ကြက်ဆူပင်ဧက ငါးသိန်းကို ယခင်စိုက်ပျိုးထားသည့် ယာမြေ၊လယ်မြေများမထိခိုက်စေဘဲ နည်းလမ်းခုနစ်သွယ်ဖြင့် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင်းကောင်ရေ(၉၆)ကောင်အားရှိ D.4.H အမျိုးအစားမြေထိုးစက်ကို ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် တစ်နာရီလျှင် လေးဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်သည်။ မြင်းကောင်ရေ ၁၂၀ အားရှိ လမ်းကြိတ်စက်ကို ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ) ဖြင့် တစ်နာရီလျှင် တစ်ဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်ပြီး မြင်းကောင်ရေ ၁၄၀ အားရှိ မြေတူးစက်ကို ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် တစ်နာရီလျှင် ငါးဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်သည်။ ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ) ကြိတ်ခွဲစက်ဖြင့် ကြက်ဆူစေ့ အဆန်တစ်တင်း ကြိတ်ခွဲပါက ဇီဝဒီဇယ်ဆီ တစ်ဂါလန်နှုန်း ရရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးသူတောင်သူလယ်သမား မိသားစုများ ဝင်ငွေတိုးတက်ရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၆-၂-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း-၉)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၁၆)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငါးပါးသီလခံယူ

စမ်းချောင်းမြို့နယ် အတုလာ ဓိပတိမဟာမုနိသကျ ကိုးထပ်ကြီး ရုပ်ပွားတော်မြတ် (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက်က အာရုံခံတန်ဆောင်းကြီးတွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (၁၂၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၀၆
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ စားချင်စဖွယ် မုန့်လုပ်နည်းအသွယ်သွယ်
၇:၁၀ တေးဂီတအစီအစဉ်
၇:၁၅ မေးကြည့်ဖြေကြည့်ပဟေဠိ (ထွန်းထွန်း၊ မျိုးစန္ဒီကျော်)
၇:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၇:၄၀ ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
၉:၀၀ ကပ်တဲလ်ကြိုးတံတား
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ မိုးလေဝသခန့်မှန်းချက်
၉:၂၀ ရှုချင်စရာမျက်လှည့်ပဒေသာ
၉:၃၅ တေးဂီတအစီအစဉ်
၉:၄၀ ဖြည့်ဆည်းအားပေး ကလေးနှင့်လူငယ် စောင့်ရှောက်ရေး
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀ ကောင်းကျိုးရှိမည် CMP (ပွင့်နဒီမောင်၊ မြင့်မြင့်ခိုင်၊ တက္ကသိုလ်ဂွမ်းပုံ)
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ Business Talk (ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း-၂၊ ဘုန်းခိုင်ဝင်း)
၁၀:၅၀ ဒီဇိုင်းယဉ်ကျေးမှု
၁၁:၀၀ စိုက်ပျိုးလေ့လာမှုသင်တန်းမှာ
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ (ပွဲစဉ်-၃)
၁၁:၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅ ဖွံ့ဖြိုးသာယာမင်းကုန်းကျေးရွာ
၁၁:၄၅ တေးဂီတအစီအစဉ်
၁၁:၅၀ ကရာတေးဒိုအားကစား
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်း တံခွန်တိုင် တမာတန်း ပြည်ကြီးတံခွန် ငြိမ်းချမ်း ရွှေပြည်စာသင်တိုက်၏ ပဓာနနာယက သာသနာဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ၂၂ရက်နှင့် ၂၃ ရက် ညများ၌ ညောင်စာရေးမြို့ ရွှေတောင်မြို့နယ်၊ ၂၄ရက်နှင့် ၂၅ရက် ညများတွင် စစ်ကွင်းမြို့၊ ၂၆ရက် ညတွင် အောင်သုခဗိမာန်ကျောင်း ရန်ကင်း ရန်ကုန်၊ ၂၇ရက် နှင့်၂၈ရက် ညများ၌ ရိုးလေးကွက်သစ် အုတ် တွင်းမြို့၊ မတ် ၁ရက်နှင့် ၂ရက် ညများတွင် ကံကလေးရွာ အုတ်တွင်း မြို့နယ်၊ ၃ရက်ညတွင်ပြည်တော်ပြန် ဘုရား ဇလွန်မြို့၊ ၄ရက်နှင့် ၅ရက် ညများတွင် ဒါးကမြို့၊ ၆ ရက်နှင့် ၇ရက်ညများတွင် ဘိုးကလေးမြို့၊ ၈ရက်ညတွင် တိုက်ရွာ ပုတီးကုန်းမြို့၊ ၉ရက်ညတွင် လယ်တီစံကျောင်း ပုဇွန်တောင် ရန်ကုန်၊ ၁၀ရက်ညတွင် ရွှေကျီးသာကျောင်းတိုက် ဒဂုံမြို့သစ် (တောင်ပိုင်း) ရန်ကုန် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ထူးချွန်ဆုချီးမြှင့်

ဇန်နဝါရီ ၄ရက်က အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်း သဃ်္ဃန်းကျွန်းမြို့နယ်၌ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ဘက်စုံထူးချွန်ဆုရ မောင်ရဲဝင့်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရှိန်က ဆုချီးမြှင့်စဉ်။

(က-ပ)

ဖေဖော်ဝါရီ၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံတွင် ကြက်ဆူဆီ အသုံးပြု၍ မြေထိုးစက် မောင်းနှင်သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။(သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ဖေဖော်ဝါရီ ၃ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံတွင် ကြက်ဆူဆီအသုံးပြု၍ မြေကုပ်စက် မောင်းနှင် သရုပ်ပြမှုကို တွေ့ရစဉ်။

(သတင်းဖော်ပြပြီး)

(သတင်းစဉ်)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆

အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ပြည်နယ်၊တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

✻ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

✻ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

✻ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

✻ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့်၁၂ နာရီတွင် အထက်ပါကျောင်း ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို မတိုးတိုးခိုင် ဖုန်း–၀၉–၅၁၀၉၄၇၄၊ မမြတ်မြတ်ခိုင် ဖုန်း–၅၄၀၃၄၂၊ ဗိုလ်ကြီးသန်းဇော်ဝင်း ဖုန်း–၀၉–၅၁၂၂၃၂၁၊ကိုစန်းမြင့် ဖုန်း–၀၉–၈၀၃၄၉၈၂၊ ကိုလွင်မြင့် ဖုန်း–၀၉–၉၉၇၁၇၅၀၊ ကိုဖြိုးစည်လွင် ဖုန်း–၀၉–၅၀၀၈၃၉၈၊ မနီနီလေးမြင့် ဖုန်း–၀၉–၅၀၂၀၁၇၃နှင့် ကိုကျော်စိုး၊မသင်းသင်းအောင် ဖုန်း–၇၀၆၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့၌ ကျင်းပမည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ စတင်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ကြိုင်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်ပေးကြသည်။ **(သတင်းစဉ်)**

ဆော်ဒီအာရေဗျမှ အီဂျစ်သို့ ထွက်ခွာလာသော ခရီးသည် ၁၃၀၀ ပါရှိသည့် ကူးတို့သင်္ဘောတစ်စင်း ပင်လယ်နီ၌ နစ်မြုပ်

ကိုင်ရို ဖေဖော်ဝါရီ ၅

အီဂျစ်နိုင်ငံအရှေ့ဘက် ပင်လယ်နီထဲတွင် ညပိုင်း၌ ခရီးသည် ၁၃၀၀ တင်ဆောင်လာသည့် ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ အသက်မသေ ကျန်ရှိသူအချို့မှာ အီဂျစ်နိုင်ငံ ဆာဖာဂါဆိပ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ရက်က ထုတ်ပြန်သည့် တရားဝင်သတင်းများ၌ ဖော်ပြပါရှိသည်။

အဆက်အသွယ်ရ

ရှာဖွေရေးနှင့်ကယ်ဆယ်ရေး လေယာဉ်တစ်စင်းက နစ်မြုပ်သွားသည့် တန်ချိန် ၆၆၀၀တန်ရှိ အယ်လ်ဆာလမ်း ၉၈ရေယာဉ်အနီးတွင် အသက်ကယ်လှေတစ်စင်းကို တွေ့ရှိကြောင်း၊ ၎င်းကူးတို့သင်္ဘောသည် ဖေဖော်ဝါရီ၂ရက် ည ၁၀နာရီခန့်က ကမ်းခြေနှင့်နောက်ဆုံး အဆက်အသွယ်ရရှိခဲ့ခြင်းဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

အီဂျစ်လေယာဉ်သည် ပင်လယ်ထဲတွင် မျောနေသည့် အလောင်းများကို တွေ့မြင်ရကြောင်း ၎င်းက ပြောကြားသည်။

ခရီးသည်အများစုမှာ ဆော်ဒီအာရေဗျ၌ အလုပ်လုပ်ကိုင်နေကြသည့် အီဂျစ်နိုင်ငံသားများဖြစ်ကြပြီး ယခုအချိန်သည် အီဂျစ်နိုင်ငံသားများစွာတို့သည် မက္ကာဝတ်ပြုပွဲတော်မှ အီဂျစ်သို့ပြန်လာနေသောအချိန် ဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။

ဖော်ပြ

အဆိုပါ ခရီးသည်တင် ကူးတို့သင်္ဘောသည် ပင်လယ်နီ၏ မြောက်ဘက်ဆုံး၌ ရှိသည့် ဆော်ဒီအာရေဗျ၏ ဒူဘာဆိပ်ကမ်းနှင့် အီဂျစ်နိုင်ငံ ဆာဖာဂါဆိပ်ကမ်းအကြား ညပိုင်းတွင် ခုတ်မောင်းလာခြင်းဖြစ်ပြီး ၎င်းကူးတို့သင်္ဘော ထွက်လာသည့် ဆိပ်ကမ်းသည် ဘုရားဖူးများအတွက် အဓိက ဆိပ်ကမ်းဖြစ်သော ဂျက်ဒါ ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။

အခြားဆင်ဟွာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၃ရက်၌ ရေတပ်မှ အသက်မသေ ကျန်ရစ်သူ လူ ၃၁၄ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

အမ်အင်အေ၊ရိုက်တာ

နစ်မြုပ်ခဲ့သော ခရီးသည်တင် ကူးတို့သင်္ဘော

ဆော်ဒီအာရေဗျမှ အီဂျစ်နိုင်ငံသို့ ခရီးထွက်ခွာလာစဉ် ပင်လယ်နီ၌ ဖေဖော်ဝါရီ ၃ ရက်က နစ်မြုပ်ခဲ့သော အယ်လ်ဆာလမ်း ၉၈ ခရီးသည်တင် ကူးတို့သင်္ဘောအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ ၂၃ဦးသေဆုံး၊ ၅၃ဦးဒဏ်ရာရရှိ

တိုင်ယွမ်အင် ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ကျောက်မီးသွေးသတ္တုတွင်းတစ်ခုတွင် ဇန်နဝါရီ၃ရက်က ဓာတ်ငွေ့ပေါက်ကွဲခဲ့သဖြင့် သတ္တုတွင်းလုပ်သား ၂၃ဦးသေဆုံးပြီး အခြား ၅၃ဦးမှာ အော့အန်နေကြောင်း ဒေသခံ သတ္တုတွင်း လုံခြုံရေးဆိုင်ရာ အာဏာပိုင်များက ဖေဖော်ဝါရီ ၂ရက်တွင် ပြောကြားသည်။

နိုင်ငံပိုင်ကျင်ချန်သတ္တုတွင်းကုမ္ပဏီလက်အောက်ရှိ စီဟီသတ္တုတွင်း၌ ည၇နာရီဝန်းကျင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သတ္တုတွင်းထဲတွင် စုစုပေါင်း သတ္တုတွင်း အလုပ်သမား ၆၇ ဦး အလုပ် လုပ်ကိုင်လျက်ရှိကြောင်း ပြည်နယ် ကျောက်မီးသွေး သတ္တုတွင်း လုံခြုံမှုကြီးကြပ်ရေးဗျူရိုမှ အရာရှိတစ်ဦးက ပြောကြားသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများမှာ ဖေဖော်ဝါရီ ၂ရက်တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ အော်အန်နေသော သတ္တုတွင်း အလုပ်သမားများအား ဆေးရုံတင်လိုက်ကြောင်း၊ ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့ကြောင့် ဆိုးဆိုးရွားရွားဖြစ်သူ တစ်ဦးမှလွဲ၍ အများစုမှာ သာမန်မျှသာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ အမေရိကန်ငွေစာရင်းအရာရှိဟောင်းတစ်ဦး လာဘ်စားမှု၊ လျှို့ဝှက်ကြံစည်မှု၊ ခိုးမှုများကို ဝန်ခံ

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အီရတ်နိုင်ငံရှိ အမေရိကန်အစိုးရဆိုင်ရာ စီမံအုပ်ချုပ်ရေးဌာနမှ အရာရှိဟောင်းတစ်ဦးက ၎င်းနှင့် အခြားသူများသည် အမေရိကန်ဒေါ်လာ တစ်သန်းကျော် လာဘ်စားခဲ့ကြောင်းနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာငွေ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ကို ခိုးယူမိကြောင်း ဝန်ခံခဲ့ပြီး ဖေဖော်ဝါရီ ၂ရက်တွင် အပြစ်များအတွက် အသနားခံခဲ့သည်။

၂၀၀၃ခုနှင့်၂၀၀၄ခုနှစ်က အီရတ်နိုင်ငံ တောင်ဘက်အလယ်ပိုင်းဒေသ၌ ပြည်နယ်ညွှန့်ပေါင်းတပ်ဖွဲ့အတွက် ငွေစာရင်း အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ရောဘတ်စတိန်းဆိုသူသည် လျှို့ဝှက်ပူးပေါင်းကြံစည်မှု၊ လာဘ်စားမှု၊ ငွေမည်းကို ငွေဖြူလုပ်ဆောင်မှုနှင့် အခြားအမှုများအတွက် ၎င်းက အသနားခံခဲ့ကြောင်း တရားရေးဌာနအရာရှိများက ပြောကြားသည်။

၎င်းသည် အမေရိကန်စစ်ဘက်အရာရှိအချို့ အပါအဝင် အရပ်ဘက်အရာရှိများနှင့်အတူ စိတ်ချရသည့် ကန်ထရိုက်တာများအား ကန်ထရိုက်များရရှိရန် လျှို့ဝှက်ကြံစည်လုပ်ဆောင်ပေးခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ထို့ပြင် ၎င်းနှင့်အခြားသူများသည် ကန်ထရိုက်တာတစ်ဦးထံမှ ငွေ၊ ကား၊ လက်ဝတ်လက်စားများနှင့်အခြား အမေရိကန်ဒေါ်လာတစ်သန်းကျော် တန်ဖိုးရှိ ပစ္စည်းများကို ယူမိကြောင်း ဝန်ခံခဲ့သည်။

၎င်းနှင့်အခြားသူများသည် အီရတ်ပြန်လည် တည်ဆောက်ရေးအတွက် သတ်မှတ်ထားသော အမေရိကန်ဒေါ်လာနှစ်သန်းကျော်ကို ခိုးယူခဲ့ကြောင်းလည်း ဝန်ခံပြောကြားသည်။

၎င်းပြင် စက်သေနတ်များ၊ အသံတိတ်သေနတ်များနှင့် စိန်ပြောင်းများကိုလည်း တရားဥပဒေမဲ့ ပိုင်ဆိုင်ထားကြောင်း ဝန်ခံခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ကနေဒါ၌ နှင်းမုန်တိုင်းများ တိုက်ခတ် ရေလွှမ်းမှုနှင့် နှင်းထုထပ်စွာကျဆင်းမှုများ ဖြစ်ပေါ်ခဲ့

အော့တာဝါ ဖေဖော်ဝါရီ ၅

ကနေဒါနိုင်ငံ အက်လန်တစ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂ရက်က နှင်းမုန်တိုင်းများ ပြင်းထန်စွာ တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ပြီး ရေလွှမ်းမှုများကြုံတွေ့ခဲ့ရကြောင်း ကနေဒါမီဒီယာများက ဖေဖော်ဝါရီ ၂ရက် ဗုဒ္ဓဟူးနေ့က ဖော်ပြသည်။

ကနေဒါနိုင်ငံ၏ နိုဗာစကိုတီရာ၊ ပရင့်အက်ဒဝပ်ကျွန်းနှင့် နယူးဖောင်လန်ပြည်နယ်ဒေသအချို့တွင် နှင်းမုန်တိုင်းများ တိုက်ခတ် ခြင်းကြောင့် ပင်လယ်ပြင်တွင် မြင့်မားသော ရေလှိုင်းများဖြစ်ပေါ်လာ နိုင်ပြီး ကမ်းရိုးတန်းဒေသများ၌ ရေလွှမ်းမှုအန္တရာယ်ကြုံတွေ့ရနိုင်ကြောင်း ကနေဒါနိုင်ငံ ပတ်ဝန်းကျင်ရေးရာဌာနမှ အစောပိုင်းရက်များက ကြိုတင် သတိပေးချက် ထုတ်ပြန်ထားသည်။

ထို့အတူ ကနေဒါနိုင်ငံ နိုဗာစကိုတီရာဒေသအနောက်တောင်ပိုင်း အရပ်များတွင် နံနက်ပိုင်း၌ ဆီးနှင်းများထုထပ်စွာ ကျဆင်းပြီး နိုင်ငံအလယ်ပိုင်းဒေသများ၌ ညနေပိုင်းတွင် ဆီးနှင်းများ ပိုမိုကျဆင်းမည်ဟု ကနေဒါနိုင်ငံပတ်ဝန်းကျင်ရေးရာဌာနမှ ခန့်မှန်းထားသည်။

ယင်းကဲ့သို့ ရာသီဥတုဆိုးရွားမှုများကြောင့် စာသင်ကျောင်းများ၊ စီးပွားရေး လုပ်ငန်းများ၊ အစိုးရရုံးများကို နိုဗာစကိုတီရာပြည်နယ်၌ ပိတ်ထားရကြောင်း၊ ထို့အပြင် ကနေဒါနိုင်ငံ ဟာလီဖက်စ်နိုင်ငံတကာ လေဆိပ်တွင်လည်း လေကြောင်းလိုင်းများ ပယ်ဖျက်လိုက်ရကြောင်း သိရသည်။ အရှေ့မြောက် နိုဗာစကိုတီရာဒေသတွင် ဆီးနှင်းများ ၃၀ စင်တီမီတာ အထိကျဆင်းခဲ့ပြီးအနောက်တောင် နိုဗာစကိုတီရာတွင် ၁၀စင်တီမီတာမှ ၁၅စင်တီမီတာအထိ ဆီးနှင်း ထုထပ်စွာ ကျဆင်းခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ သင်္ဘောနစ်မြုပ်ခဲ့မှုကြောင့် လူ ၄၀ခန့် ပျောက်ဆုံးလျက်ရှိ

ဂျကာတာ ဖေဖော်ဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံအရှေ့ဘက် ပင်လယ်ပြင်တွင် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ပြီး နှစ်ရက်မြောက်နေ့အထိ လူ၄၀ပျောက်ဆုံးနေလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့မှအရာရှိများက ဖေဖော်ဝါရီ ၂ရက်၌ ပြောကြားသည်။

၎င်းသင်္ဘောသည် အင်ဒိုနီးရှားတီမာကျွန်း ကူပန်ဒေသမှ ရို့ကျွန်းသို့ ခရီးထွက်ခွာသွားစဉ် ဇန်နဝါရီ ၃၁ရက်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားရေတပ်သင်္ဘောသည် လူ ၁၀၀ကျော်အား ကယ်တင်ပေးခဲ့သည်။

ကျွန်းပေါ်တွင် သောင်တင်နေသော အခြားလူသုံးဦးကို မိမိတို့တွေ့ရှိခဲ့ပြီး တစ်ဦးသည် သေဆုံးနေကြောင်း ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့၏ အကြီးအကဲ ဗိုလ်မှူးကြီး အေဂတ်ဆူဆီလိုက ရိုက်တာသို့ တယ်လီဖုန်းဆက်၍ ကြာသပတေးနေ့က ပြောကြားခဲ့သည်။

၎င်းသင်္ဘောသည် အများဆုံး လူ ၄၀၀အထိတင်ဆောင်နိုင်ကြောင်း ယခုခရီးစဉ်သည် ပုံမှန်သွားနေသည်ထက် ဓိမ်ခံကားများနှင့် ထရပ်ကားများကိုလည်း တင်ဆောင်သွားခဲ့ကြောင်း၊ ယခုနစ်မြုပ်မှုသည် ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်နိုင်ကြောင်း အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ



ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်များကို ဖေဖော်ဝါရီ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီ၌ ကိုကင်းလေးတန် ဖမ်းဆီးရမိ

လစ္စဘွန်း ဖေဖော်ဝါရီ ၅

ပေါ်တူဂီ၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့တွင် မူးယစ်ဆေးဝါးမှောင်ခိုကူးနေသော ဂိုဏ်းအား ဖြိုခွင်းလိုက်ပြီးနောက် ပေါ်တူဂီနိုင်ငံတွင် ကိုကင်းလေးတန်ကို ဖမ်းဆီးရမိခဲ့ကြောင်း ပေါ်တူဂီမှုခင်းရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၃ရက်က ကြေညာခဲ့သည်။

၎င်းမူးယစ်ဆေးဝါးများကို ပေါ်တူဂီနိုင်ငံမြောက်ပိုင်း ဗီအာနာဒိုကတ်တီလိုဒေသသို့ သယ်ဆောင်လာပြီး ထိုမှတစ်ဆင့် စပိန်နှင့်ဗြိတိန်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဒေသဆိုင်ရာ မီဒီယာများသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့သည် စပိန်နိုင်ငံသားလေးဦးနှင့် လယ်တဲတွင်သိမ်းဆီးထားသော ကိုကင်း ၂ဒသမ ၈တန်နှင့်အတူ ကိုကင်းအထုပ် ၁၁၄ထပ်ကို စောင့်နေသော ဗြိတိန်နိုင်ငံသားတစ်ဦးတို့ကို ဖမ်းဆီးခဲ့သည်။

ယခုမူးယစ်ဆေးဝါးမှောင်ခိုနှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း ကိုကင်းတစ်တန်ကို သယ်ယူပို့ဆောင်ရေးပြုလုပ်နေသော အခြားလူလေးဦးကိုလည်း ဖမ်းဆီးရမိခဲ့သည်။ ပေါ်တူဂီနိုင်ငံ၏ အတ္တလန်တစ်ကမ်းရိုးတန်းသည် ဥရောပသမဂ္ဂနိုင်ငံများသို့မူးယစ်ဆေးဝါးများသယ်ဆောင်ရန် အတွက် အကောင်းဆုံး ဝင်ပေါက်တစ်ခုဖြစ်နေခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တု ဧပြီလတွင် စတင်တည်ဆောက်မည်

ဟနွိုင်း ဖေဖော်ဝါရီ ၅

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တုထုတ်လုပ်မှုကို ဧပြီလတွင် စတင်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးဂြိုဟ်တု ထုတ်လုပ်ခြင်းနှင့်ဆက်စပ်ပစ္စည်းများအတွက် ယခုလတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ဗီယက်နမ်စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ရက်၌ ပြောကြားသည်။

ဗီယက်နမ်အစိုးရသည် ဗီနာဆက်ဟု အမည်ပေးထားသော အလတ်စား ဂြိုဟ်တုထုတ်လုပ်ရေးနှင့်လွှတ်တင်ရေးအတွက် ဗီယက်နမ်ဒေါ်လာ ၂၃သမ ၈၈၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈၂၃သမ ၆သန်း)ရင်းနှီးမြှုပ်နှံရန် မကြာသေးမီက ဆုံးဖြတ်ထားကြောင်း၊ ယင်းဂြိုဟ်တုသည် ဗီယက်နမ်နိုင်ငံ အပါအဝင်အခြား အရှေ့တောင်အာရှနိုင်ငံများ၊ ဂျပန်၊ ကိုရီးယားကျွန်းဆွယ်၊ တရုတ်သမုဒ္ဒရာ အရှေ့ပိုင်းနှင့် တောင်တရုတ်ပင်လယ်တို့တွင်လွှမ်းခြုံလျက် သတင်းအချက်အလက်များပေးပို့နိုင်မည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ထရန်ဒပ်လိုင်က ပြောကြားသည်။

တည်ထောင်မည်

ဂြိုဟ်တုထိန်းချုပ်ရေးစခန်းကို ဟာတေးပြည်နယ်မြောက်ပိုင်း ဟိုအိုင်းဒပ်ခရိုင်၌ တည်ထောင်ထားမည်ဖြစ်ကြောင်း၊ အရန် ထိန်းချုပ်ရေးခန်းကို ဘင့်ဒေါင်ပြည်နယ် တောင်ပိုင်း ဘင်းကက်ခရိုင်၌ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုတည်ဆောက်ရေး တင်ဒါတွင် အမေရိကန်၊ ပြင်သစ်၊ ဂျပန်နှင့် ရုရှားတို့မှ နိုင်ငံခြားကုမ္ပဏီများ ပါဝင်ကြလိမ့်မည်ဟု မျှော်လင့်ရသည်။

အသုံးပြုနိုင်

သက်တမ်း ၁၅နှစ်ရှိမည့် အဆိုပါ ဗီနာဆက်ဂြိုဟ်တုကို ၂၀၀၈ ခုနှစ်တွင် လွှတ်တင်မည် ဖြစ်ကြောင်း၊ မြေမျက်နှာပြင်အပေါ် မှီခိုခြင်း မပြုဘဲ နိုင်ငံ၏ ဆက်သွယ်ရေးကွန်ရက်ကို ထောက်ကူပေးကာ ၎င်း၏ ဖုန်း၊ တီဗွီနှင့် ရေဒီယိုလိုင်းများအတွက်ပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒုတိယမြောက်ကြိုးပမ်းမှု

ဗီယက်နမ်နိုင်ငံသည် ယခုလောလောဆယ်တွင် ဂြိုဟ်တုဝန်ဆောင်မှုကို ထိုင်း၊ အင်ဒိုနီးရှားနှင့် ရုရှားတို့ထံမှ ရယူသုံးစွဲလျက်ရှိကြောင်း၊ ဗီနာဆက်သည် ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူး ၁၉၈၅ခုနှစ်က ဆိုဗီယက်အာကာသမစ်ရှင်တွင် ပါဝင်ခဲ့ပြီးနောက် ဒုတိယမြောက် အာကာသဆိုင်ရာ ကြိုးပမ်းမှုပင် ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ မိခင်နှင့်ကလေးဆေးရုံတွင် ကလေးငယ်များအား ရေကူးလေ့ကျင့်ခန်း ပြုလုပ်ပေးနေသည်ကို ဖေဖော်ဝါရီ ၃ရက်က တွေ့ရစဉ်။။ (ယင်းသို့ လေ့ကျင့်ပေးခြင်းသည် ကလေးငယ်များ၏ အရိုးနှင့်ကြွက်သားများကိုသာမက နှလုံးနှင့် အဆုတ်ကိုလည်း ဖွံ့ဖြိုးသန်မာစေကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်၌ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၅

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးခရိုင်တွင် အမေရိကန်တပ်ဖွဲ့က အလိုရှိနေသည့် လက်နက်ကိုင်ပြောက်ကျားတစ်ဦးအား ဖေဖော်ဝါရီ၂ရက်က စီးနင်းရှာဖွေစဉ်အတွင်း အမေရိကန်ရဟတ်ယာဉ်တစ်စင်းက အိမ်တစ်အိမ်ကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသမီးတစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ရဟတ်ယာဉ်သည် အိမ်အမိုးပေါ်၌ ရပ်နေသော လူတစ်ဦး၏ပစ်ခတ်ခြင်းကို ခံရသဖြင့် ဒုံးကျည်များ၊ စက်သေနတ်များဖြင့် ပြန်လှန်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး တင်ကီဖီက ပြောကြားသည်။

သေဆုံး

သေဆုံးဒဏ်ရာရသူများ၏သတင်းကို ၎င်းက မရဟုဆိုသော်လည်း အသက်ကြီးသည့် အမျိုးသမီးကြီး တစ်ဦး သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် ယင်းဒေသတွင်နေထိုင်ကြသူများက ပြောကြားသည်။

ဝင်ရောက်စီးနင်း

အမေရိကန်တပ်ဖွဲ့သည် ၎င်းတို့တပ်ဖွဲ့နှင့် ရှီးယိုက်ဦးဆောင်သည့် အီရတ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဆွန်နီ လက်နက်ကိုင်ပြောက်ကျားအုပ်စုမှ ၎င်းတို့ သိရှိထားသည့် အကြမ်းဖက် တိုက်ခိုက်ရေးသမားတစ်ဦးကို ဖမ်းဆီးရန် ယင်းဒေသကို ဝင်ရောက်စီးနင်းခြင်းဖြစ်ကြောင်း ကီဖီက ပြောကြားသည်။

ယင်းသို့ စီးနင်းတိုက်ခိုက်စဉ်အတွင်း လူနှစ်ဦးကို ထိန်းသိမ်းခဲ့ကြောင်း၊ ၎င်းတို့ နှစ်ဦးအနက် ရည်ရွယ်ထားသူမှာ မည်သူဖြစ်သည်ကို လောလောဆယ် သဲကွဲစွာမသိရှိရသေးကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အာဖဂန်၌ ကားဗုံးခွဲတိုက်ခိုက် အစိုးရတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ကေဟောဇ့် ဖေဖော်ဝါရီ ၅

အာဖဂန်နစ္စတန်နိုင်ငံတွင် ကားဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ အစိုးရတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂ရက်၌ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ ဖေဖော်ဝါရီ ၁ရက်ကဖြစ်ပြီး အာဖဂန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များက ကေဟောဇ့်ပြည်နယ်ရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် ကားများကို စစ်ဆေးနေစဉ် ယခုကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယုံကြည်

တာလီဘန်လက်နက်ကိုင်ပြောက်ကျားများ၏ လက်ချက်ဟု ယုံကြည်ရကြောင်း၊ သေဆုံးဒဏ်ရာရရှိသူများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ မပါရှိကြောင်း ပြည်နယ် အဆင့်မြင့်ရဲအရာရှိ မိုဟာမက်ဇာမင်က သတင်းထောက်များကို ပြောကြားသည်။

မကြာသေးမီလများ အတွင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက်နှင့် အနောက်ဘက်တစ်လွှားတွင် ဗုံးခွဲတိုက်ခိုက်မှု ၁၄ခုအပါအဝင်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ပြီး အများစုမှာ အရပ်သားများဖြစ်ကြကြောင်း ရိုက်တာက ဖော်ပြသည်။

ပြောကြား

တာလီဘန်လက်နက်ကိုင်ပြောက်ကျားများသည် ၂၀၀၁ခုနှစ်နှောင်းပိုင်းကတည်းက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များနှင့် အစိုးရတပ်ဖွဲ့များကို တိုက်ခိုက်လျက်ရှိပြီး အဖြစ်အပျက် အများစုကို ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ဝန်ခံခဲ့ကာ ၎င်းတို့သည် နိုင်ငံခြားတပ်များ ရုပ်သိမ်းသည့်တိုင်အောင် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ **အမ်အင်အေ၊ရိုက်တာ**

ပါလက်စတိုင်းအစိုးရသစ် ထူထောင်လိုလျှင် ဟားမတ်စ်တို့ အစ္စရေးကိုအသိအမှတ်ပြုရမည်

ဂျေရုဆလင် ဖေဖော်ဝါရီ ၅

ဟားမတ်စ်အဖွဲ့သည် လာမည့်ပါလက်စတိုင်းအစိုးရသစ်ထူထောင်လိုလျှင် အစ္စရေးကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း အီဂျစ်သမ္မတ ဟိုစ်နီမူဘာရက်က တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၃ရက်၌ ပြောကြားလိုက်သည်။

တိုက်တွန်း

တစ်ဖန် ပြီးခဲ့သည့်လက ပါလက်စတိုင်း ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရသည့် ဟားမတ်စ်တို့က မည်သို့ဆုံးဖြတ်လုပ်ကိုင်မည်ကိုလည်း သည်းခံစိတ်ထားရန် အစ္စရေးအား မူဘာရက်က တိုက်တွန်းလိုက်သည်။

ပြောကြား

မိမိသိရသလောက် ပြောရလျှင် ဟားမတ်စ်ခေါင်းဆောင်များသည် အကြမ်းဖက်အစိုးရကို တည်ထောင်ရန် ရည်ရွယ်လိမ့်မည်မဟုတ်ကြောင်း မူဘာရက်က အစ္စရေးသတင်းစာသို့ ပြောကြားသည်။

ဟားမတ်စ်တို့ အစိုးရသစ်ကို တည်ထောင်လိုလျှင် အစ္စရေးကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ အသိအမှတ်မပြုလျှင် မည်သို့မျှဆက်လုပ်နိုင်လိမ့်မည် မဟုတ်ကြောင်း မူဘာရက်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

အရည်အသွေးမီကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန် အင်ဒိုနီးရှားက ဂျပန်အကူအညီရယူလိုဟုဆို

ဂျကာတာ ဖေဖော်ဝါရီ ၅

အင်ဒိုနီးရှား စားသောက်ကုန်နှင့်အဖျော်ယမကာထုတ်လုပ်သူများအသင်းက ထိုင်းနှင့်ဗီယက်နမ်နိုင်ငံမှာကဲ့သို့ နည်းပညာအကူအညီများပေးရန် ဂျပန်နိုင်ငံအား မေတ္တာရပ်ခံလိုက်ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၃ရက်၌ ဖော်ပြသည်။

မျှော်လင့်

အဆင့်တန်းမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ဂျပန်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားကုမ္ပဏီများအား သင်ကြားပေးခြင်း သို့မဟုတ် ထုတ်လုပ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်းဖြင့် ကူညီလိမ့်မည်ဟု မျှော်လင့်ကြောင်း အဆိုပါ အသင်းမှ ဥက္ကဋ္ဌ ဟောမတ်စ်ရီဟာမာဝမ်က ပြောကြားသည်ကို ဂျကာတာပို့စ်က ဖော်ပြသည်။

အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (အီးပီအေ)ကို ဖေဖော်ဝါရီ ၉ရက်တွင် ဆွေးနွေးပြီး နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာ၌ ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ထုတ်လုပ်သော ကုန်ပစ္စည်းအများစုမှာ လယ်ယာနှင့်သားငါးကဏ္ဍများဖြစ်ပြီး ၎င်းကဏ္ဍမှ ထုတ်ကုန်ပစ္စည်းများသည် ဂျပန်နိုင်ငံသို့ တင်ပို့ရာတွင် အဆင့်အတန်းမီ ထုတ်ကုန်များမဖြစ်ဟူ၍ ဂျပန်ဈေးကွက်တွင် အခက်အခဲနှင့် ရင်ဆိုင်နေရသည်ဟု ဆိုသည်။

တင်သွင်းနေ

ဂျပန်နိုင်ငံသည် လောလောဆယ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ တတိယအကြီးမားဆုံးသော လယ်ယာထုတ်ကုန်များနှင့် စားသောက်ကုန်များတင်ပို့ရာ နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံက နှစ်စဉ် အင်ဒိုနီးရှား ထုတ်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ဖိုး တင်သွင်းနေကြောင်း ၎င်းသတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဟစ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်များအား စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

6-2 (05).p65 1 3/25/1905, 9:38 PM

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်သန့်ရှင်းရေး၊ရေစီးရေလာကောင်းမွန်ရေးနှင့်လမ်းပြုပြင်မှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းခင်းကျင်း ပြုပြင်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည် များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယမန်နေ့ နံနက် ၆နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် စဉ့်အိုးတန်းလမ်းနှင့် လမ်းမတော်လမ်းကြားရှိ အနော်ရထာလမ်းသို့ရောက်ရှိပြီး အနော်ရထာလမ်းတစ်လျှောက် စက်ယန္တရားများဖြင့် ကွန်ကရစ် ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းနေမှုကို ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

မှာကြားဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်လမ်းတစ်လျှောက် လမ်းဘေးလူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ အသစ်လဲလှယ် ခင်းကျင်းနေမှုနှင့် ရေနုတ်မြောင်းဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် လမ်းတစ်လျှောက် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ပါရမီလမ်းအနီး၌ အင်းလျားကန်ရေပြင် အစဉ်သန့်ရှင်းစေရေးအတွက် အမှတ်(၂) အနည်စစ်ကန် တည်ဆောက်နေမှုကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းအား လမ်းသားမြှင့်တင်၍ လေးလမ်းသွားလမ်းအဖြစ် တိုးချဲ့ခင်းကျင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းမကြီးအား စက်ယန္တရားဖြင့် လမ်းသားမြှင့်တင်ခင်းကျင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းသည် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့နှင့်အတူ နံနက် ၈နာရီတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းဆုံရှိ မင်းဓမ္မပြပွဲပြိုင်ပွဲ ကွင်းအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခြံစည်းရိုးကြက်ဆူပင်များ ပြုစုပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးထားရှိမှု

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ကော်မတီပိုင်မြေကွက်၊ မြေလွတ်များ၌ ခြံစည်းရိုးကြက်ဆူပင်ဧက တစ်သောင်းစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိရာ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်ကိုင်း ၁၀၈၇၀၀ နှင့် ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၄၂တင်းကျော် ပျိုးအိတ်များဖြင့် ပျိုးထောင်ထားရှိပြီး မင်းဓမ္မပြပွဲ ပြိုင်ပွဲကွင်းအနီး မြေ ၁၈ဧက၌ ခြံစည်းရိုးကြက်ဆူပင်ကိုင်းနှင့် ပျိုးပင်များစိုက်ပျိုးထားရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးမှူး နှစ်ပတ်လည်အစည်းအဝေးအကြို စာတမ်းဖတ်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး အကြို စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၈နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက် (Myanmar Info-Tech) အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ၊ အသင်းဝင်များနှင့် မျိုးဆက်သစ် အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင်မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင် ကျော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖတ်ကြား

ထို့နောက်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာတမ်းဖတ်ပွဲများကို မြန်မာအင်ဖိုတက် အဆောက်အအုံရှိ အစည်းအဝေးခန်းမ အခန်းနံပါတ်(၁၀၂)နှင့် (၂၀၅) တို့၌ သုံးနေရာခွဲ၍ တစ်ပြိုင်တည်း ကျင်းပရာ လေကြောင်းအင်ဂျင်နီယာ၊ ဗိသုကာ၊ မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ သတ္တုဗေဒ အင်ဂျင်နီယာ၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ၊ ရေနံအင်ဂျင်နီယာ၊ ချည်မျှင် အင်ဂျင်နီယာ၊ ရေကြောင်းအင်ဂျင်နီယာ စသည့် ပညာရပ်ဆိုင်ရာများနှင့် အင်ဂျင်နီယာဆိုင်ရာ ရှုထောင့်မှ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးတို့ကို စာတမ်းရှင် ၃၉ဦးတို့က စာတမ်းပေါင်း ၃၉စောင်တို့ကို အသီးသီး ဖတ်ကြားဆွေးနွေး တင်ပြကြသည်။

ဖြေကြား

ထို့နောက်တက်ရောက်လာကြသူများက သိရှိလိုသည်များကို အကြံပြုမေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက သက်ဆိုင်ရာ ပညာရပ်ဆိုင်ရာ အလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်စကားပြောကြား

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးအကြို စာတမ်းဖတ်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဘက်စုံသုံးကုန်တင်ရေယာဉ်မန္တလေး ရေလုံသဘော်ကျင်း၌ လွှန်းတင် ပြည်တွင်း၌ပြင်ဆင်ခြင်းဖြင့် ကုန်ကျစရိတ် နိုင်ငံခြားငွေ ၆၀ရာခိုင်နှုန်းခန့်သက်သာ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ဖေဖော်ဝါရီ ၃ရက်က မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် အလျား၁၄၉မီတာ၊ အနံ၂၂ ဒသမ၄ မီတာ၊ ရေစူး ၈ မီတာနှင့် ဝန်ပြည့်တန်ချိန် ၁၃၀၀၀ အရွယ်ရှိ ဘက်စုံသုံး ကုန်တင်ရေယာဉ် မန္တလေးအား တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း၌ ပထမဆုံးအကြိမ် လွှန်းတင်ပေးနိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ) **ယခင်က မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် နိုင်ငံခြားသွား ကုန်တင်ရေယာဉ်များမှာ နိုင်ငံခြားလွှန်းကျင်းများ၌ လွှန်းတင်ပြင်ဆင်မှုများကိုဆောင်ရွက်ရပြီး ယခုအကြိမ်သည် မြန်မာနိုင်ငံတွင်း၌ပင် ပထမဆုံးအကြိမ် လွှန်းတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။**

လွှန်းတင်ပြင်ဆင်ပေး

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် ယခင်က တန်ချိန်၁၇၀၀ အရွယ် ရေယာဉ်များလွှန်းတင်ပြင်ဆင်ပေးနိုင်ခဲ့ရာမှ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ တန်ချိန် ၁၂၀၀၀အရွယ် ရေယာဉ်ကြီးများ လွှန်းတင်ပြင်ဆင်နိုင်ရန် အလျား ၁၆၈ မီတာ၊ အနံ ၂၈ မီတာ၊ စောက်ကိုးမီတာ အရွယ်တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတစ်ခုတည်ဆောက်ခဲ့ရာ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလတွင် ပြီးစီးခဲ့သည်။ ယင်းတန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ပြီးသည့်အချိန်မှစ၍ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း တန်ချိန် ၃၃၀၀အရွယ် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင်ရေယာဉ်နှစ်စင်းအပါအဝင်ရေယာဉ်ခုနစ်စင်းကို လွှန်းတင်ပြင်ဆင်ပေးနိုင်ခဲ့သည်။

ယခင်က နိုင်ငံခြားလွှန်းကျင်းများ၌ လွှန်းတင်ပြင်ဆင်ရာတွင် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅သိန်းခန့်ရှိရာ ပြည်တွင်း၌ လွှန်းတင်ပြင်ဆင်ခြင်းဖြင့် ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းခန့် နိုင်ငံခြားငွေ သက်သာစေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့သင်္ဘောကျင်း လုပ်ငန်းသည် ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းတွင် စင်ကာပူသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ အပ်နှံခဲ့သည့် ရေယာဉ်များကို အပြည်ပြည်ဆိုင်ရာ ရေယာဉ်စစ်ဆေးရေးအဖွဲ့အစည်းများဖြစ်သည့် Lloyd's Register of Shipping နှင့် American Bureau of Shipping တို့၏ စစ်ဆေးမှုဖြင့် ရေယာဉ် ၂၂ စင်းအား တည်ဆောက်ပေးနိုင်ခဲ့၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအနေဖြင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘော လုပ်ငန်းမှ ရေယာဉ်များအပြင် ပြည်တွင်းပြည်ပ ရေယာဉ်ကြီးများပြုပြင်ရေး၊ အသစ်တည်ဆောက်ရေးတို့ကို တိုးချဲ့စီမံဆောင်ရွက်သွားရန် ဒုတိယဝန်ကြီးက မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ဆူဆီကို ဇီဝလောင်စာဆီအဖြစ်အသုံးပြုခြင်းကို ပြည်သူများသိရှိအောင် သရုပ်ပြ လျာထားသတ်မှတ်ကေပြည့်မီအောင်မြင်ဖြစ်ထွန်းရေး ဆက်လက်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက ကျိုင်းတုံမြို့ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သရုပ်ပြဆောင်ရွက်

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ခြံစည်းရိုး ကြက်ဆူပင် လျာထားသတ်မှတ်ချက်အတိုင်း အောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်ရေးနှင့် ကြက်ဆူဆီကို ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်ခြင်းအား ပြည်သူများသိရှိလာအောင် သရုပ်ပြဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် ဒုတိယဗိုလ်မှူးကြီးအေးလင်းက ခြံစည်းရိုးကြက်ဆူစေ့မှ ကြက်ဆူဆီထုတ်လုပ်ပုံနည်းစနစ်နှင့် ဇီဝလောင်စာအဖြစ် အသုံးပြုပုံများကို ကွန်ပျူတာပရိုဂျက်တာများ၊ နမူနာပုံစံများဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးမြင့်သွင်က ခြံစည်းရိုးကြက်ဆူမှ ဇီဝလောင်စာထုတ်လုပ်သုံးစွဲမှုနည်းစနစ် အဆင့်ဆင့်နှင့် ဇီဝလောင်စာအသုံးပြုခြင်းဖြင့် အင်ဂျင်စက်များတွင် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ချက်များကို ပရိုဂျက်တာဖြင့်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဌာနအလိုက် တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့များအလိုက် ခြံစည်းရိုး ကြက်ဆူလျာထားချက်နှင့် လက်ရှိစိုက်ပျိုးပြီးစီးမှု၊ ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့ပြုစုပျိုးထောင်စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ နယ်မြေခံတပ်ရင်း ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်၌ ကြက်ဆူမျိုးကိုင်း ပျိုးပင်၅၀၀၀၀ ပြုစုပျိုးထောင် စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန၊ ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်၌ ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးသုတေသနခြံ၊ ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်၌ ကြက်ဆူမျိုးကိုင်း၊ မျိုးစေ့များအား ပျိုးထောင် ပျိုးအိတ်များဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

လိုအပ်သည်များဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးက သုတေသနပြုလုပ်ထားရှိသည့် သီးနှံမျိုးစေ့များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ဖေဖော်ဝါရီ ၁ ရက်အထိ ခြံစည်းရိုး ကြက်ဆူပင် ၁၆၉၅ ဒသမ ၂၃ ဧကစတင်စိုက်ပျိုးထားရှိပြီး ခြံစည်းရိုး ကြက်ဆူမျိုးကိုင်း၊ မျိုးစေ့များမှ ပျိုးပင် စုစုပေါင်း ၂၅၇၅၆၂ ပင်ပြုစုပျိုးထောင်ထားရှိကာ မျိုးစေ့ ၃၇၀ ဒသမ ၆ တင်း စုဆောင်းထားရှိပြီး ဖြစ်ကြောင်းနှင့် သတ်မှတ်ဧက ပြည့်မီအောင်မြင်ဖြစ်ထွန်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်စောပုစေတီဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ရှင်စောပုလမ်းတွင် တည်ထားကိုးကွယ်တော်မူလျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ရှင်စောပုစေတီတော်မြတ်ကြီး၏ (၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်နံနက်မှ ၁၅ ရက်နံနက်အထိ အသံမစဲမဟာပဋ္ဌာန်းမြတ်ပူဇော်ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ(တွဲဖက်ပါမောက္ခ၊ ပဋိပတ္တိမဟာဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်)၊ ၁၆ ရက်တွင် ဆရာတော် အရှင်အာစာရာလင်္ကာရ(၁၀ ဘွဲ့ရ)၊ ၁၇ ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ (တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ)ဆရာတော်များက တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(၃၈၇)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်သပြေလမ်း အမှတ် ၁၂ နေ ဒေါက်တာ ဦးထွန်းဦး–ဒေါက်တာ ဒေါ်နုနုအောင်၊ (သား) ဝဏ္ဏထွန်းဦး၊ သူရထွန်းဦး၊ ဆီဇာထွန်းဦး မိသားစု၏ အလှူတော်ငွေကျပ်ငါးသိန်းကို ဒဂုံမြို့နယ် အမှတ်(၁၂)စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ရှေ့မှောက်၌ တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တက္ကသိုလ် (၁၉၇၀–၇၁ မှ ၁၉၇၄–၇၅) ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ်(၃၀)ပြည့် တတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများ ပေးအပ်ကန်တော့ကြစဉ်။ (က–ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၆)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ တစ်နှစ်လျှင် လက်တွန်းထွန်စက် အစီးတစ်သောင်းထုတ်လုပ်ပေးမည့် စက်ရုံတည်ဆောက်၊ ရင်သားကင်ဆာခွဲစိတ်ကုသမှုခံယူပြီးသူများ ပြန်လည်အစားထိုးခြင်း မြန်မာနိုင်ငံ၌ဆောင်ရွက်မည်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် နှစ် ၁၀၀ ပြည့်ပွဲတော်အတွင်း ဝင်ငွေကျပ် သိန်း ၄၀၀ ကျော်ရရှိ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖိုလစ်ပိုင် ကလေးတစ်သောင်းကျော် သွားတိုက်ပြိုင်ပွဲ ကမ္ဘာ့စံချိန်ချိုးရန်အားထုတ်၊ နှစ်သစ်၏ကံကြမ္မာကို ဟောင်ကောင်က စာချတူဖြင့် ကြိုတင်ကြည့်၊ မျက်စိကစားသောလုံမကို ယောကျ်ားသားတို့သဘောကျ၊ ဟာသ အပြောကောင်းသူကို မိန်းမတို့သဘောကျ၊ ပိုလန်နိုင်ငံ၌ ပြပွဲ အမိုးပြို၍ ကွယ်လွန်သူ ၆၆ ဦးအတွက် ပူဆွေးမှုကာလကျင်းပ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း– ၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

SANYO လေအေးပေးစက်အမျိုးအစားသစ်များရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ဂျပန်နိုင်ငံ SANYO လျှပ်စစ်ကော်ပိုရေးရှင်း၏ မြန်မာနိုင်ငံ ဈေးကွက်ဖြန့်ဖြူးရေးကိုယ်စားလှယ် OK Myanmar Co.,Ltd. ၏ SANYO လေအေးပေးစက်အမျိုးအစားသစ်များ ရှင်းလင်းပြသပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် Dusit Inya Lake Hotel ၌ ကျင်းပရာ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ OK Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က ကုမ္ပဏီ၏လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြသည်။**(အပေါ်ပုံ)** ဆက်လက်၍ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဇော်ဝိတ်(ငြိမ်း)က SANYO လျှပ်စစ်ပစ္စည်း ဝယ်ယူသုံးစွဲသူများအား အနီးကပ်ဝန်ဆောင်မှုလုပ်ငန်းများပေးနိုင်ရန်အတွက် မန္တလေးမြို့နှင့် ပျဉ်းမနားမြို့တို့၌ SANYO အရောင်းပြခန်းနှင့် Service Centre များ ဖွင့်လှစ်ထားသည့် အခြေအနေများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကုမ္ပဏီအင်ဂျင်နီယာများက SANYO လေအေးပေးစက်အမျိုးအစားသစ်များကို ရှင်းလင်းပြသသည်။

SANYO(GTC) အမျိုးအစား လေအေးပေးစက်များသည် စီးပွားရေးလုပ်ငန်းများတွင် ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယခင် SANYO လေအေးပေးစက်များနည်းတူ အရည်အသွေးကောင်းမွန်ကာ အာမခံသက်တမ်း တစ်နှစ်အတွင်း ပျက်စီးချို့ယွင်းမှုများရှိပါက ကုမ္ပဏီက အခမဲ့ပြုပြင်ပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ လေအေးပေးစက်များနှင့်စပ်လျဉ်း၍ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များနှင့် OK Myanmar Co., Ltd. ရွှေဂုံတိုင် အရောင်းပြခန်း ဖုန်း– ၅၄၄၄၆၃၊ ၅၄၄၄၆၄၊ ၅၄၄၄၆၅၊ ပန်းဆိုးတန်းအရောင်းပြခန်း ဖုန်း–၂၄၁၀၇၇၊ ၃၈၄၀၇၇၊ ဗိုလ်အောင်ကျော်အရောင်းပြခန်း ၃၇၇၆၂၇၊ ပျဉ်းမနားအရောင်းပြခန်း ၀၆၇–၂၂၉၅၃ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၇၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဦးမြင့်စိုး **(အပေါ်ပုံ)** လူမှုထူးချွန်တတိယဆင့် (လက်ထောက်ညွှန်ကြားရေးမှူး–ငြိမ်း) မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်သည် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ(ခုတင်–၅၀၀)တွင် ဇန်နဝါရီ ၂၄ ရက်က အကောက်ခွန်နေ့ကိုဂုဏ်ပြုသောအားဖြင့် (၇၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က–ပ)

မြရတနာထောလပတ်ခေါင်းလိမ်းဆီမွှေး ကံထူးရှင် ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြရတနာ ထောလပတ်ခေါင်းလိမ်းဆီမွှေး၏ တတိယအကြိမ် ကံထူးသူများနှင့် မြရတနာခေါင်းလိမ်းဆီအရောင်း ကိုယ်စားလှယ်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ယုဇနဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် Golden Princess International ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်မြရွှေနှင့် တာဝန်ရှိသူများက မြရတနာ ထောလပတ်ခေါင်းလိမ်းဆီမွှေး ဝယ်ယူသုံးစွဲသူ ကံထူးရှင်များနှင့် အရောင်းကိုယ်စားလှယ်များအား ဆုများ ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ကံထူးရှင် ပထမဆုရ မသီရိလှိုင်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်မြရွှေတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထုတ်ယူနိုင်

အဆိုပါဆုချီးမြှင့်ပွဲတွင် ကံထူးရှင် ပထမဆု တစ်ဆု၊ ဒုတိယဆု ငါးဆု၊ တတိယဆု သုံးဆုနှင့် အရောင်းကိုယ်စားလှယ် ၁၂ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ နှစ်သိမ့်ဆုရရှိသူ ၁၆ ဦးတို့သည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်း အမှတ် ၆၅ ၌ ဖေဖော်ဝါရီ ၆ ရက်မှ ၂၆ ရက်အတွင်း ဆုများ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ထို့နောက် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းကျောင်းဝင်းအတွင်း လက်ရှိ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နှစ်ရှည်ပင်သီးနှံ၊ ရာသီသီးနှံများနှင့် စားဖိုဆောင်သီးနှံစိုက်ခင်းများကို မထိခိုက်စေဘဲ သရက်၊ ပိန္နဲ၊ တညင်းကဲ့သို့သော နှစ်ရှည်သီးနှံအပါအဝင် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးသွားရေး ဆွေးနွေးမှာကြားသည်။

ကြိုဆို

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း၏ မန္တလေးဘက်ကမ်းတည်ဆောက်ရေးစီမံကိန်းရုံးသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းနှင့် မန္တလေးဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်တို့က တံတားဆိုင်ရာအချက်အလက်များ၊ တံတားသံပေါင် တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း၊ စစ်ကိုင်းဘက်ကမ်းနှင့် မန္တလေးဘက်ကမ်းတို့ရှိ ချဉ်းကပ်လမ်းနှင့် ချဉ်းကပ်တံတားတည်ဆောက်ပြီးစီးမှု၊ ပင်မတံတားသံပေါင်ခုံးကြီးများ အဆင့်လိုက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ပရိဂျက်တာဖြင့် ရှင်းလင်းတင်ပြကြရာ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ဧရာဝတီတံတား (ရတနာပုံ)၏ မန္တလေးဘက် ချဉ်းကပ်လမ်းသည် မန္တလေး–မြစ်ကြီးနား ရထားလမ်းကို ဖြတ်သန်းသည့်အတွက် မန္တလေး–မြစ်ကြီးနားရထားလမ်း မိုင်တိုင် ၃၉၀/၇ တွင် တံတား အကျယ် ၇၅ပေ၊ အရှည် ၁၁၅ပေရှိ သံကူကွန်ကရစ် အမျိုးအစား Twin Tunnel (Under Pass)ကားလမ်းကူး ရထားလမ်းခုံးကျော် ကိုးဆယ်ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က သိရှိလိုသည်များကို ထပ်မံမေးမြန်းကြပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ရေယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ကားလမ်းကူး ရထားလမ်းခုံးကျော် Twin Tunnel (Under Pass)တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာပုံ)မှာ အရှည် ၅၆၁၄ ပေရှိ လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်ပြီး ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက မန္တလေးနှင့်စစ်ကိုင်း နှစ်ဖက်စလုံးမှ တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိကြရာ ယခုအခါ မန္တလေးဘက်ချဉ်းကပ်တံတားလုပ်ငန်းများနှင့် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

၈၅ ရာခိုင်နှုန်းပြီးစီး

ပင်မတံတား၌ RP-5 နှင့် RP-6 တို့အကြား သံပေါင်ခုံးမှာ လုံးဝတပ်ဆင်ပြီးစီးသွားပြီဖြစ်ရာ ပင်မတံတားသံပေါင်တပ်ဆင်မှုလုပ်ငန်း စုစုပေါင်း ၁၁၂၆ မီတာအနက် ၈၈၆ မီတာ တပ်ဆင်တည်ဆောက်ပြီး ဖြစ်ကြောင်းနှင့် တံတားတည်ဆောက်ရေး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးကြပြီး မန္တလေးကန်တော်ကြီးနှင့် တောင်သမန်ကန် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆောင်ရွက်ထားမှုအခြေအနေတို့ကိုလည်းကောင်း၊ မန္တလေးမြို့ ၆၂ လမ်းကို မူလအကျယ် ၂၄ ပေရှိ နှစ်လမ်းသွားမှ လက်ရှိအကျယ် ၄၈ ပေရှိ လေးလမ်းသွားကားလမ်းအား တိုးချဲ့ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ကားလမ်းကူး၊ ရထားလမ်းခုံးကျော် တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးအောင်စိုး(ငြိမ်း)က သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဧရာဝတီတံတား(ရတနာပုံ)ပြီးစီးမှု

ဧရာဝတီတံတား(ရတနာပုံ)မှာ အရှည် ၅၆၁၄ ပေရှိ လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက မန္တလေးနှင့် စစ်ကိုင်း နှစ်ဖက်စလုံးမှ တစ်ပြိုင်တည်းတည်ဆောက်လျက် ရှိကြရာ ယခုအခါ မန္တလေးဘက်ချဉ်းကပ်တံတားလုပ်ငန်းများနှင့် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းများ အားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်။

အမက(၄၅) သာကေတ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ရက်ကပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင့်က သူငယ်တန်း၌ ပထမဆုရရှိသူ မောင်ဒီပါမင်းထက်အား ဆုချီးမြှင့်စဉ်။ (၂၅၈)

✡ *ကျော့ဖုံးမှ*

ပက်ဖျန်းချည်နှောင်

ယင်းနောက် ဥပါသကာများက ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲတို့ကို ယူဆောင်၍ အောင်မင်းအောင်စေတီ ပရိဝုဏ်၌ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်နှင့် တာဝန်ရှိသူများက အောင်မင်းအောင်စေတီတွင် တင်လှူ ပူဇော်မည့် စိန်ဖူးတော် အပါအဝင် ရွှေထီးတော် အစိတ်အပိုင်းများကို စေတီတော်သို့ ရည်မှန်း၍ ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ပင့်ဆောင်

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များက ရွှေထီးတော်အစိတ် အပိုင်းများကို ဒေဝါဝင်း၊ ရာဇာဝင်း ခင်း၍ အောင်မင်းအောင်စေတီသို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ရွှေထီးတော် တင်လှူပွဲနှင့် အနေကဇာတင်မင်္ဂလာ အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တို့က အောင်မင်းအောင်စေတီတော်၏ ထီးတော်ကိုတင်လှူကြပြီး အမွှေးနံ့သာ ရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများ က အောင်မင်းအောင်စေတီ၏ စေတီရံ ရှစ်ဆူ တို့ကို ရွှေထီးတော်များ တင်လှူ ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်ကြသည်။

ရွတ်ဆိုပူဇော်

ထိုအချိန်တွင် မင်္ဂလာအခါတော် ပေး ဆရာကြီးဦးကျော်က အောင် ဂါထာတော်များ ရွတ်ဆိုပူဇော်သည်။

ထို့နောက် ဆရာတော်ကြီးများ က အောင်မင်းအောင်စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ယင်းနောက် ရှင်ဥပဂုတ္တမထေရ် ပူဇော်ပွဲ၊ ရေစက်ချ မင်္ဂလာအခမ်း အနားနှင့် ရှင်ဥပဂုတ္တမင်္ဂလာကန် တော်ဥယျာဉ်ဖွင့်ပွဲ၊ အလှူရှင် ကမ္ပည်း ကျောက်စာဖွင့်ပွဲ အခမ်းအနားများကို နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် အနောက်မြောက်ထောင့်ရှိ ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ကျင်းပသည်။

ရွတ်ပွားချီးမြှင့်

ရှေးဦးစွာ ရှင်ဥပဂုတ္တမထေရ် ပူဇော်ပွဲအခမ်းအနားကို မင်္ဂလာကန် တော်အတွင်းရှိ ရှင်ဥပဂုတ္တကျောင်း ဆောင်တော်၌ကျင်းပရာ ကြွရောက် တော်မူကြသည့် ဆရာတော်ကြီးများ က ပရိတ်တရားတော်များ ရွတ်ပွား ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာ တော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနိုင် က ရှင်ဥပဂုတ္တဂါထာတော်များ ရွတ် ပွားပူဇော်သည်။

ဆက်လက်၍ ရေစက်ချမင်္ဂလာ အခမ်းအနားကို ကျင်းပရာ ရွှေတိဂုံ စေတီတော်ဂေါပကအဖွဲ့ သြဝါဒါ စရိယ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော် ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီး များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ တာဝန်ရှိသူများနှင့် အလှူရှင် မောင်ဝိတ်နှင့် မိသားစု ကုမ္ပဏီတို့က ဆရာတော်ကြီးများ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းရွှေက ထုတိမင်္ဂလာ အောင် သြဘာစာကို ဖတ်ကြားလျှောက်ထား သည်။

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သြဿဓာဘိဝံသ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူး ပြုသော ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ထို့နောက် ရှင်ဥပဂုတ္တမင်္ဂလာ ကန်တော်ဥယျာဉ်ဖွင့်ပွဲ နှင့် အလှူရှင် ကမ္ပည်းကျောက်စာဖွင့်ပွဲ အခမ်းအနား ကို ကျင်းပရာ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အလှူရှင် မောင်ဝိတ်နှင့်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်ဝိတ်တို့က ရှင်ဥပဂုတ္တမင်္ဂလာ ကန်တော်ဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အလှူရှင် ကမ္ပည်းကျောက် စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင် မိသားစု ဝင်များက ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေး ကြကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရှင်ဥပ ဂုတ္တမင်္ဂလာကန်တော် ဥယျာဉ်အတွင်း ပြုပြင်မွမ်းမံတည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ကိုယ်တိုင်တည်ဆောက်လှူဒါန်း

ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် အတွင်းရှိ ရှင်ဥပဂုတ္တကြေးသွန်း ရုပ်ပွားတော်၊ ကွန်ကရစ်ကျောင်း ဆောင်တော်၊ ကွန်ကရစ်နတ်လမ်း တံတား၊ ကန်တော်ပတ်လမ်း၊ ပန်းခြံ ပတ်လမ်းနှင့် တံတားများ၊ သဘာဝ စမ်းချောင်း၊ ရေတံခွန်နှင့် နားနေ ဆောင်ငယ်များစသည့် အဆောက် အအုံများကို အလှူရှင် မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီက ငွေကျပ်သိန်းပေါင်း ၂၇၀၀ကျော် အကုန်အကျခံ၍ ကိုယ် တိုင်တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ် သည်။ **(သတင်းစဉ်)**



အောင်မင်းအောင်စေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အောင်မင်းအောင်စေတီတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ဥယျာဉ်အား တွေ့ရစဉ်။ (သတင်းစဉ်)

ဓမ္မပူဇာတရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် မင်းဒင်လမ်း တတိယအကြိမ် ဓမ္မပူဇာတရားပွဲများအဖြစ် ဖေဖော် ဝါရီ ၇ရက်တွင် အရှင်စက္ကပါလ (နယ်လှည့်ဓမ္မကထိက)၊ ၈ရက် တွင် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်၊ ရွှေပြည်ဟိန်း ကျောင်း)နှင့် ၉ရက်တွင် အရှင် ကောသလ္လ(ဓမ္မစေတီဆရာတော်) တို့က ညစဉ် ၇နာရီတွင် နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

၁၃၆၇ခုနှစ် (၂၀၀၆ခုနှစ်) တွင် ကျင်းပမည့် ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာ
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၆ရက် ၃–၄–၂၀၀၆ရက်(တနင်္လာနေ့)	မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ(၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၇ရက် ၄–၄–၂၀၀၆ရက်(အင်္ဂါနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၈ရက် ၅–၄–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)	၎င်း	သီလက္ခန္ဓဝဂ္ဂ ပါဠိအဋ္ဌကထာ(၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၉ရက် ၆–၄–၂၀၀၆ရက်(ကြာသပတေးနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၀ရက် ၇–၄–၂၀၀၆ရက်(သောကြာနေ့)	၎င်း	ဓမ္မသင်္ဂဏီ ပါဠိအဋ္ဌကထာ(၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၁ရက် ၈–၄–၂၀၀၆ရက်(စနေနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၃ရက် ၁၀–၄–၂၀၀၆ရက်(တနင်္လာနေ့)	၎င်း	မြန်မာဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယ ပါဠိအဋ္ဌကထာ သံယုတ္တနိကာယ ပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယ ပါဠိအဋ္ဌကထာ ဝိဘင်္ဂဒိ ပါဠိအဋ္ဌကထာ ပဋ္ဌိသမ္ဘိဒါမဂ္ဂ ပါဠိအဋ္ဌကထာ
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၄ရက် ၁၁–၄–၂၀၀၆ရက်(အင်္ဂါနေ့)	၎င်း	ပါဠိဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ (၁) ဝိဘင်္ဂဒိ ပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလပြည့်	၎င်း	ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၂) ၁၂–၄–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ (၂) ဝိဘင်္ဂဒိ ပါဠိအဋ္ဌကထာ (၂)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆–၂–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၈။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၅ ၉။ ဂုံညင်းတန်းတံတား
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Grammar made Easy
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
၁၆:၅၅ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၁၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၈။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇:၃၅ ၉။ **"အနာကြီးရောဂါ ဆက်လက်ကင်းဝေးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**
၁၇:၄၅ ၁၀။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၅၀ ၁၁။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း–၁၃)
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း–၆၁)
၁၈:၅၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လေ့ကားထစ်လေးများ"** (အပိုင်း–၃၆)
၁၉:၄၀ ၁၆။ **"ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ"** (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ တစ်နေ့တာ)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း–၇)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

တကောင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ခေါက်

တကောင်းမြို့ လေးမျက်နှာဘုရားကြီး အထက်ဌာပနာတော် သွင်းလှူ ပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တို့ စိန်ဖူးတော်၊ ဓာတ်တော်ကြုတ်နှင့် ဌာပနာများ ပင့်ဆောင်လာစဉ်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ သရေခေတ္တရာ ရှေးဟောင်း ယဉ်ကျေးမှု နယ်မြေ၊ ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသို့ အကြိမ်ကြိမ် အခေါက်ခေါက် ရောက်ခဲ့ဖူးသော်လည်း တကောင်းနယ်မြေသို့သွားရေးလာရေး ခက်ခဲမှုကြောင့် မရောက်ဖူးခဲ့ပါ။ ယခု နိုင်ငံတော်အစိုးရ၏ မန္တလေး၊ သပိတ်ကျင်း၊ တကောင်း၊ ဗန်းမော်၊ မြစ်ကြီးနား၊ ဧရာဝတီအရှေ့ဘက်ခြမ်း ဖွံ့ဖြိုးရေး ပြည်ထောင်စုလမ်းမကြီးကျေးဇူးကြောင့် ရောက်ခဲ့ရပါပြီ။ မန္တလေးမှ သပိတ်ကျင်းသို့ ၇၈မိုင်၊ သပိတ်ကျင်းမှ တကောင်းအထိ ၄၆မိုင်အကွာ အဝေးသို့ မော်တော်ကားဖြင့် ငါးနာရီကျော်ကျော် ခရီးနှင်ခဲ့ရသည်။ ရောက်ပြန်တော့လည်း ဧရာဝတီအရှေ့ဘက်ခြမ်းမှ ကျယ်ဝန်းလှသည့် တကောင်းလွင်ပြင်ကြီးကို တအံ့တသြ တွေ့မြင်ခဲ့ရသည်။ မြို့ပြနိုင်ငံတစ်ခုကို တည်ထောင်ရန် အတွက် စားနပ်ရိက္ခာ၊ ဆန်ရေစပါး အလုံအလောက် ရရှိဖူလုံရန်နှင့် စစ်ရေးအရ အကာအကွယ်ပေးနိုင်သော သဘာဝအတားအဆီး တောတောင်ရေမြေများကို အခြေပြု၍ ရှေးဟောင်းမြို့ပြနိုင်ငံများကို တည်ထောင်ခဲ့ကြသည့် ရှေးမြန်မာတို့ ဓလေ့ကို သတိပြုမိသည်။ တကောင်းမြို့ပြ ထွန်းကားစဉ်က ဧရာဝတီမြစ်နှင့် ရွှေလီမြစ်အကြားတွင် စပါးကျီများအဖြစ် အားကိုးရသည့် နယ်ကြီးသုံးခုရှိခဲ့သည်။ မြောက်ဘက်တွင် ပါကလား၁၂ပြင်၊ အရှေ့ဘက်တွင် မိုင်းတိုင်း၁၂ပြင်၊ တောင်ဘက်တွင် တုံကွဲယား၁၂ပြင်တို့ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ထိုနယ်မြေတို့သည် သူပုန်သူကန်တို့ကြောင့် ပျက်စီးခဲ့ရသည်။ မင်းဘူး၊ စလင်းနယ်၊ ရွှေဘိုနယ်၊ ကျောက်ဆည်နယ် လယ်တွင်း၁၁ခရိုင်တို့ကဲ့သို့ပင် ဆန်စပါးအတွက် အားထားရသော နယ်မြေများ ဖြစ်ခဲ့သည်။

တစ်ချိန်က တကောင်းမြို့၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ကြီး ရှိခဲ့သည်။ တကောင်းမြို့မှ အရှေ့ဘက်ဧရာဝတီမြစ်ကိုဖြတ်လျက် မိုးကုတ်မြို့ ဘက်သို့ နန်းတော်တိုင် သွားယူကြသည်။ တကောင်းမြို့သည် အနောက်ဘက်တွင် မဲဇာမြစ်၊ အရှေ့ဘက်တွင် ဧရာဝတီမြစ် မြစ်နှစ်သွယ်ကြားတွင် ရှိ၍ ရန်သူတို့ ရုတ်တရက်မဖျက်ဆီးနိုင်၊ သာသနာတော် ၉၈ခုနှစ်တွင် တကောင်းပြည့်ရှင်မင်းကြီးသည် နေပြည်တော်က ဧရာဝတီမြစ်အရှေ့ဘက်ကမ်းသို့ကူးပြီး အမတ်တစ်သောင်းနှင့်သံထိုဝဠ္ဍနတောင်သို့ တောထွက်ခဲ့သည် ဟူသော အဆိုတို့သည် ရှေးယခင်က တကောင်းမြို့၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ကြီး တည်ရှိခဲ့ကြောင်း ဖော်ညွှန်းသည်။ တကောင်းရာဇဝင်တွင် တရားမစောင့်သော မင်းတို့ကြောင့် မြို့ကြီးကို

ဖေဖော်ဝါရီ ၁ရက်က တကောင်း ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ မှန်ဦးဖွင့်ပွဲ အခမ်းအနားတွင် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

တန်ခိုးရှိသောနတ်တို့က ဖျက်ဆီးခဲ့၍ ဧရာဝတီမြစ်ကြောင်း မြို့အနောက်ဘက်သို့ ပြောင်းသွားခဲ့သည်ဟု ဆိုသည်။

ခေတ်မီ နည်းပညာရပ်များနှင့် မြစ်ကြောင်းပြောင်းသွားသည်ကို ကောင်းကင်မြေတိုင်း ကွန်ပျူတာပညာရပ်များနှင့် ပြန်လည်ဖော်ထုတ်သင့်သည်။ ရေကြောင်းပြောင်းလဲမှု မှန်ကန်ပါလျှင် ရှေးရာဇဝင် အဆိုအမိန့်များလည်း မှန်ကန်လာပေမည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဘူမိဗေဒပညာရှင်များ၊ သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များ စုပေါင်းကာ မြစ်ကြောင်းပြောင်းလဲမှု အထောက်အထားများ ဖော်ထုတ်သုတေသနပြုရန် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်စေခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ခန့်လောက်တွင် တကောင်းမြို့၏ အရှေ့ဘက်၌ ဧရာဝတီမြစ်ကြီး စီးဆင်းခဲ့ကြောင်း ခိုင်မာသော အထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့သည်။ သမိုင်းအတွက် အလွန်အရေးပါသည့် တွေ့ရှိချက်တစ်ခုဖြစ်သည်။

ရခိုင်ရာဇဝင်တွင် ဗုဒ္ဓမြတ်စွာဘုရားပေါ်ထွန်းတော်မမူခင် ၉၃၄နှစ်ခန့်က အနောက်မဇ္ဈိမဒေသ၌ ပဉ္စာလမင်းနှင့် သာကီဝင်မင်းတို့ စစ်ဖြစ်ရာ သာကီဝင်မင်းများစစ်ရှုံး၍ ကပိလဝတ်ပြည်မှ အဘိရာဇာမင်းကြီးသည်

ဒေါက်တာဦးဖေညာဏ်

ဗိုလ်ပါအများနှင့် ထွက်လာခဲ့ပြီး သင်္ကဿရဋ္ဌမည်သော တကောင်းပြည်ကြီးကို တည်ထောင်သည်။ မှန်နန်းရာဇာဝင်တွင်လည်း ထိုအဆိုအမိန့်ပါရှိသည်။ အဘိရာဇာမင်းဆက်မှ ၃၃ဆက်မြောက် ဘိန္နကရာဇာမင်းလက်ထက်တွင် မွန်ဂိုများကြောင့် တကောင်းပြည်ကြီး ပျက်စီးခဲ့သည်။ ဝိဋ္ဋုပူအရေးကြောင့် ပြေးထွက်လာရသော ဓဇရာဇာမင်းသည် ဘိန္နကရာဇာမင်း၏ မိဖုရား နာဂသိန်နှင့် တွေ့ပြီး လက်ထပ်ကာ ဒုတိယ တကောင်းမင်းဆက်ကို ပြန်ထူထောင်ခဲ့ကြသည်။ ထိုတကောင်းမင်းဆက်၏ မဟာသမ္ဘဝ၊ စူဠသမ္ဘဝမှသည် သာသနာတော် သက္ကရာဇ် ၁၀၁နှစ်တွင် သရေခေတ္တရာပြည်၌ ဒွတ္တဘောင်မင်းဆက်ကို စတင်ခဲ့သည်။

ငယ်ငယ်က အိပ်ရာဝင်ပုံပြင်များတွင် ကြားခဲ့ရသည့် "ထောင်ပေးလို့ဆုတ်၊ ရာပေးလို့ချုပ်၊ ချစ်တဲ့သူအရိုး ဆံထိုးလုပ်"ဟူသော ပုံပြင်များ၊ မေးဖန်များ စကားရ၊ သွားဖန်များ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်ဟူသော မောင်ပေါက်ကျိုင်း၏ ပုံပြင်များသည် ယနေ့အချိန်တွင် မြို့ရိုးနှစ်ထပ်ကာရံထားသော တကောင်းမြို့ဟောင်းကြီးနှင့် အညာပုဂံမြို့တို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနမှ ပြန်လည် တူးဖော်ရာတွင် တွေ့ရှိရသည့် မြောက်မြားစွာသော ပျူအရိုးအိုးများ၊ လက်စင်းရာပါ ပျူအုတ်များ၊ ယေဓမ္မာ ဟေတုပ္ပဘဝါ အစရှိသည့် အက္ခရာများပါဝင်သော ရာပေါင်းများစွာသော အုတ်ခွက်များနှင့် ကြေးထည်၊ သံထည်များ၊ ပျူပုတီးစေ့များ၊ ပျူခေတ်လက်ဝတ်ရတနာများက မောင်ပေါက်ကျိုင်း၏ အိပ်ရာဝင်ပုံပြင်များ မှန်ကန်ကြောင်းကို သက်သေပြခဲ့လေပြီ။

ကျွန်တော်တို့အဖွဲ့သည် တကောင်းမြို့သို့ နေဝင်ဖျိုးဖျအချိန်တွင် ရောက်ရှိလာခဲ့ရာ ရောက်ရောက်ချင်းပင် တကောင်းမြို့ အထကကျောင်းဝင်းအတွင်း တစုတဝေးတွေ့ရသော ပျူအရိုးအိုးများကို သွားရောက်လေ့လာခဲ့သည်။ ထိုမှသည် အနော်ရထာမင်းကြီး၏ ကောင်းမှုတော် လေးမျက်နှာဘုရားကြီးသို့ သွားရောက် ခဲ့သည်။ ထိုလေးမျက်နှာဘုရားကြီးတွင် မူလကုသိုလ်ရှင် အနော်ရထာမင်းကြီး၏ လက်ရာများ၊ ခိုနန်းချိုးများပါရှိပြီး နောက်အင်းဝမင်းများ၏ လက်ရာများ ပါရှိသော ရှေးဟောင်း စေတီတော်ကြီးတစ်ဆူဖြစ်သည်။ စေတီတော်ကြီးကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးမူမပျက်ပြုပြင်ကာ တကောင်း၏ သမိုင်းစာမျက်နှာ အသစ်တစ်ခုကို ပြန်လည်ဖွင့်လှစ်ပေးပါသည်။ တကောင်းရှေးဟောင်း ယဉ်ကျေးမှု နယ်မြေဟူသော မြို့ဝင်ဆိုင်းဘုတ်ကို နန်းမြို့ရိုးနှစ်ခုအကြား တည်ဆောက်ကာ ခံ့ညားထည်ဝါသော ရှေးဟောင်းပြတိုက်တစ်ခုကိုလည်း ဆောက်လုပ်ရန် အပူတပြင်း စီစဉ်နေသည်။

ရှေးနှစ်ထောင်ပေါင်းများစွာကပင် ယဉ်ကျေးစွာရှိနေခဲ့သော ပျူနိုင်ငံကြီးသည် အခြားဒေသမှ ဝင်ရောက်လာခဲ့ကြသော လူမျိုးများမဟုတ်ကြပါ။ ဤမြန်မာနိုင်ငံအတွင်းတွင်ပင် ရှေးပဝေသဏီ နှစ်ထောင်ပေါင်း၊ သိန်းပေါင်းများစွာကပင် တည်ရှိနေကြသော လူမျိုးများဖြစ်။

ကျွန်တော်သည် လေးမျက်နှာဘုရားကြီးပေါ်မှ သာသနာသက္ကရာဇ် ၉၈တွင် တကောင်းပြည့်ရှင် မဟာဓမ္မရာဇာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေစည်းခုံစေတီတော်ကြီး၏ အုတ်ပုံကြီးသဏ္ဍာန်ဖြစ်နေသည့် ပန္နက်ခြေကို ငေးမောကြည့်ရှုကာ တစ်ချိန်ချိန်တွင် ပုဂံရွှေစည်းခုံစေတီတော်ကြီးကဲ့သို့ ပြန်လည်ပြုပြင်တည်ဆောက်နိုင်လျှင် ကောင်းလေစွဟု လွမ်းမောဖွယ်ရာ အတိတ်တကောင်းကို မျှော်မှန်းတမ်းတရင်း ဆုတောင်းမိသည်။ ထိုစေတီတော်ကြီးများ၏ အနီးတစ်ဝိုက်မှ စုဆောင်းရရှိထားသော အုတ်ခွက်များကို ရခိုင်ရှေးဟောင်းသမိုင်းပညာရှင် ဦးဘသိမ်းမောင်နှင့် သွားရောက်လေ့လာ ကြည့်ရှုရာ အုတ်ခွက်များတွင် သီရိမ္မောသောကမင်းလက်ထက်သုံး ဗြာဟ္မီအက္ခရာဖြင့် ရေးထိုးထားသော စာသားများကို တွေ့ရှိခဲ့ရသည်။ ရခိုင်ဒေသတွင် အာနန္ဒစန္ဒြား ကျောက်စာတွင်လည်း ထိုဗြာဟ္မီအက္ခရာ အရေးအသားများကို တွေ့ရလေရာ ရှေးဟောင်းသုတေသနပညာရှင်များက ဘီစီ(၃)ရာစုမှ အေဒီ (၈)ရာစုအတွင်း အသုံးပြုသော အက္ခရာဟု သတ်မှတ်ထားသည်။ ထိုအုတ်ခွက်များသည်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မန်းစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မင်းဘူး(စကုမြို့နယ်) မန်းစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက်က မန်းစက်တော်ရာဘုရား အထူးတံတားမုခ်ဦးရှေ့၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က ဖဲကြိုးဖွင့်လှစ်ပေးကြသည်။

ရွှေသင်္ကန်းကပ်လှူ

ရှေးဦးစွာ မကွေးဆရာတော် ဘုရားကြီးက အောက်စက်တော်ရာစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ပရိသတ်များအား ငါးပါးသီလ ချီးမြှင့်သည်။ ဆက်လက်၍ မကွေးဆရာတော်ဘုရားကြီးနှင့် မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က အောက်စက်တော်ရာ သံအုပ်ဆောင်းစေတီအား စက်ကြိုးဆွဲ ဖွင့်လှစ်ပေးပြီး ခြေတော်ရာစေတီအား ရွှေသင်္ကန်းကပ်လှူကြသည်။

ထို့အတူ အထက်စက်တော်ရာ စေတီတော်ကြီး၌လည်း မကွေးဆရာတော်ဘုရားကြီးက အနေကဇာတင်ပြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။ မန်းစက်တော်ရာ ဘုရားပွဲကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၅ရက် (ဖေဖော်ဝါရီ ၂ ရက်)မှ နှောင်းတန်ခူးလပြည့်ကျော် ၅ရက် (ဧပြီ ၁၇ ရက်)အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်ရွက်ထား

ရပ်ဝေးရပ်နီး ဘုရားဖူးများ သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်း၊ တံတားများနှင့် နားနေဆောင်များကို စနစ်တကျဆောင်ရွက်ထားရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ၄ရက်က သဃ်န်းကျွန်းမြို့နယ်၁၆/၄ ရပ်ကွက်ရုံးတွင် သဃ်န်းကျွန်းရဲစခန်းမှ ဒုရဲအုပ် စခန်းမှူး မြင့်ကိုက မူခင်းကင်းစင်ရေး ရက်သတ္တပတ် ပညာပေးဟောပြောပွဲကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြစဉ်။

(ဝ၅၂)

မင်းလှ–သရက် မော်တော်ယာဉ်လိုင်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

မကွေးတိုင်း မင်းလှ–သရက် မော်တော်ယာဉ် လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၇နာရီက အထက်မင်းလှမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံရုံးရှေ့၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်း တက်ရောက်အားပေးချီးမြှင့်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မင်းလှ –သရက်မော်တော်ယာဉ်လိုင်းသစ်ကိုအထက်မင်းလှမြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်း၊ သရက်မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မင်းလှမှ သရက်သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များ တွင် နံနက် ၇နာရီမှ ထွက်ခွာ၍ သရက်မှ မင်းလှသို့ အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် နံနက် ၈နာရီမှ ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

(ဝ၇၆)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အနော်ရထာဘုရင်လက်ထက် နှစ်ပေါင်း၅၀၀ ထက်မနည်း စောနိုင်သည့် အုတ်ခွက်များဖြစ်ကြောင်း ရှေးဟောင်းသမိုင်းအတွက် အလွန်တန်ဖိုးကြီးမားသော ရှာဖွေတွေ့ရှိချက်တစ်ရပ်ကို တွေ့မြင်ရသည်။ ထိုအုတ်ခွက်များသည် သာသနာသက္ကရာဇ် ၉၈ခုနှစ်တွင် ရွှေစည်းခုံ စေတီတော်ကြီး တည်ဆောက်ခဲ့သည်ဟူသော သမိုင်းအဆိုအမိန့်ကို အားပြုပေးထားသည့် သက်သေများပင် ဖြစ်ချေသည်တကား။ အနော်ရထာမင်းတရား၏ ပုဂံရွှေစည်းခုံထက် နှစ်ပေါင်း ၁၅၀၀ခန့်စောသည့် တကောင်းရွှေစည်းခုံ စေတီတော်ကြီးပါတကား။

ကျွန်တော်တို့အဖွဲ့သည် ၁၃–၁၁–၂၀၀၄ရက်တွင် လေးမျက်နှာဘုရားကြီး ဥပနာတော်သွင်းအလှူတော် မင်္ဂလာအတွက် ဓာတ်တော်မွေတော် ဆင်းတုတော်များ၊ ရတနာရွှေငွေများကို လှူဒါန်းခဲ့ကြပြီးနောက် မြတောင်မြို့ဘက်သို့ ထွက်ခွာခဲ့ကြသည်။ တကောင်းမြို့မှ မိုင်၂၀ကျော်မျှ ဝေးကွာသော မြတောင်မြို့ဟောင်းသည် ရှေးယခင်အခါက မြန်မာ့သမိုင်းတွင် ဘုရင်၏သမီးတော်များ မြို့စားအသနားခံခဲ့ရသည့် မြို့ဟောင်းတစ်ခုပင်ဖြစ်ရာ တကောင်းမှ မြတောင်အသွား ဧရာဝတီမြစ်ကြီး ရေကြောင်းပြောင်းခဲ့သည့် နေရာကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ရှင်းလင်းပြောပြ၍ လေ့လာကြည့်ရှုခဲ့ကြသည်။ မြတောင်မြို့ဟောင်းတွင်မူ အလောင်းစည်သူမင်းကြီး၏ ကောင်းမှုဖောင်တော်ဦးစေတီနှင့် ရှေးဟောင်းပစ္စည်းများစုဆောင်းထားသော မဟာဗောဓိကျောင်းသို့ သွားရောက်ဖူးမြော်ကြသည်။ ဘုန်းတော်ကြီးကျောင်းတွင် ပုဂံခေတ် နှောင်းပိုင်းလက်ရာ သပ္ပာယ်လှစွာသော ထိုင်တော်မူ ရုပ်ပွားတော်ကြီး သုံးဆူကို ဖူးမြော်ရသည်။ သက္ကရာဇ်၁၁၀၀ခန့်က သွန်းလုပ်ထားသော သွန်းရှေးဟောင်း ခေါင်းလောင်းတစ်လုံးနှင့် ကျောက်ထီးတိုင် ကျောက်တိုင်တစ်ခုကိုလည်း တွေ့ရသည်။ ရှေးဟောင်းပုထိုးများနှင့် စကားပင်အိုကြီးတို့သည် ရှေးမြို့ဟောင်း၏ သခ်ီရသဘောကို ပြောပြနေသယောင်ပင် ဖြစ်တော့သည်။

ထိုမြတောင်မှ ဆက်သွားလျှင် ကမ်းသီတာမြို့ဟောင်းနေရာသို့ ရောက်ပေတော့မည်။ မြန်မာ့သမိုင်းတွင် မထင်မရှားဖြစ်နေသော ထိုကမ်းသီတာမြို့ ဟောင်းသည် တကောင်းရာဇဝင်နှင့် မိုးမိတ်ရာဇဝင်တို့တွင်မူ အထင်ကရ မြို့ဟောင်းတစ်ခုပင်ဖြစ်သည်။ ဘိန္နကရာဇာမင်းကြီး နတ်ရွာစံသောအခါ တကောင်းမှာ လူစုသုံးစုကွဲသွားပြီး တစ်စုက ပျူ ကမ်းယံသက်တို့နေရာ သုနာပရန္တတိုင်းသို့တစ်စု၊ မိဖုရားနာဂသိန်နှင့် ဝိဋ္ဋူပ အရေးကြောင့် ထွက်ပြေးလာရသော ဓဇရာဇာတို့က တကောင်းပြည်တွင် ပြန်နေပြီး တစ်စုက ကမ်းသီတာကို မြို့တည်၍ နေကြသည်။ ကမ်းသီတာသည် တကောင်းမြို့နှင့် အဖြောင့်မိုင်၅၀ကျော်သာ ကွာဝေး၍ နောင်တွင် ကမ်းသီတာမှသည် ရွှေလီမြစ်ကိုဆန်ကာ မိုင်းမောကို တည်ထောင်ကြလေသည်။ မိုးမိတ်ရာဇဝင်တွင် ပထမမင်းမှာ သုဗာဟုမင်းဟု ဖော်ပြထားပြီး မိုင်းမောကို တည်ထောင်ကြောင်း ဆိုထားသည်။ မိုင်းမောသည် နေရာကျဉ်းမြောင်းသဖြင့် မိုင်းမောမှတစ်ဆင့် ကျိုင်းဟုံကို ရွှေ့ပြောင်းခဲ့သည်။ ကျိုင်းဟုံနေရာမှာ ယခု မဘိန်းမြို့အထက် ဗဟဲရွာ၏ လက်ယာဘက်ကမ်းတွင် တည်ရှိကာ မင်းဆက် ပေါင်း၄၂ဆက် စိုးစံခဲ့ကြောင်း မိုးမိတ်ရာဇဝင်တွင် ဖော်ပြထားသည်။ ထိုကမ်းသီတာ မြို့ဟောင်းနေရာတွင် ရှေးဟောင်းပစ္စည်းအမြောက်အမြား တူးဖော်တွေ့ရှိလေရာ ထိုရှေးဟောင်းသမိုင်း မှန်ကန်ကြောင်းကို သက်သေပြနေပေပြီ။

ကျွန်တော်တို့သည် အနော်ရထာမင်းကြီး၏ လေးမျက်နှာဘုရားကြီး ဥပနာသွင်းပွဲအပြီး ၁၄–၁၁–၂၀၀၄ရက်တွင် သံသယရ၊ ရဋ္ဌပူရ၊ သင်းတွဲ၊ သဃ်သဃရဋ္ဌ၊ ပဍ္ဍလ၊ တကောင်း ခြောက်မည်ရ ရှေးဟောင်းမြို့ကြီးမှ စဉ့်ကူးမြို့ကို ကျော်ကာ စဉ့်အိုးထွက်သည့် ကျောက်မြောင်းကို ဖြတ်၍ ရွှေဘိုမြို့သို့ ရောက်ခဲ့သည်။ ရွှေဘိုနန်းတော်ရာတွင် ဟန်လင်းမြို့ဟောင်းမှ တူးဖော်ရရှိထားသော ပျူခေတ်လက်ရာ မြေအိုးများတွင် စိတ်ဝင်စားဖွယ်ရာ အိုးတစ်လုံးကို တွေ့ရှိရသည်။ ကိုရီးယားရှေးဟောင်းပြတိုက်တစ်ခုမှ ဘီစီ ၅၀၀၀မှ ဘီစီ၁၀၀၀အတွင်း တွေ့ရသော လက်ရာ ဟု သတ်မှတ်ထားသည့် အိုးပုံတစ်ပုံနှင့် တစ်ထေရာတည်းတူသော အိုးတစ်လုံးကိုတွေ့ရှိရ ခြင်းပင် ဖြစ်သည်။ ဤတွေ့ရှိချက်ကို ပါမောက္ခလူ့စ်သာ တွေ့ခဲ့ရပါမူ မြန်မာ အစကျောက်ဆည်ကပဟူသော အဆိုအမိန့် အစား မြန်မာအစ ကိုးရီးယားကဟူသော အဆိုအမိန့်မျိုးကို ဆိုလေဦးမည်လားဟု တွေးမိသည်။ ရှေးဟောင်းပျူမြို့တော်များဖြစ်ကြသော တကောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့မှာ မွန်ဂိုများတိုက်ခိုက်၍ ရှေးနှစ် ပေါင်းများစွာက (ဘုရားမပွင့်မီကာလက)ပင် ပျက်စီးခဲ့ရဖူးလေပြီ။ ထိုမွန်ဂိုများသည် တရုတ်ပြည်ကြီးမှ တိုက်ခိုက်ခံရ၍ ကိုးရီးယားကျွန်း ဆွယ်ဘက်သို့ ထွက်ခွာသွားရသည့် လူမျိုးစုများပင် ဖြစ်သည်။ ထိုလူမျိုး များသည် မိမိတို့ စစ်အောင်နိုင်ခဲ့သည့် တိုင်းပြည်များမှ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ယူလာခဲ့ကြမည်မှာ မလွဲပါပေ။ မွန်ဂိုများသည် ထိုဟန်လင်းမှ မြေအိုးနှင့်တူသော အိုးများကို ၎င်းတို့ပြတိုက်တွင်ထားရှိကာ ဘီစီ၅၀၀၀မှ ဘီစီ၁၀၀၀အတွင်းဟု သတ်မှတ်၍ ဟန်လင်း၊ တကောင်းမြို့၏ ရှေးဟောင်းကျမှု အမှတ်အသားများကို တစ်နည်းတစ်ဖုံ အထောက်အကူပြုခဲ့သည်။

ရှေးနှစ်ထောင်ပေါင်းများစွာကပင် ယဉ်ကျေးစွာ ရှိနေခဲ့သော ပျူနိုင်ငံကြီးသည် အခြားဒေသမှ ဝင်ရောက်လာခဲ့ကြသော လူမျိုးများ မဟုတ်ကြပါ။ ဤမြန်မာနိုင်ငံအတွင်းတွင်ပင် ရှေးပဝေသဏီ နှစ်ထောင်ပေါင်း၊ သိန်းပေါင်း များစွာကပင် တည်ရှိနေကြသော လူမျိုးများဖြစ် ကြသည်။ ကတယုဂ်၊ တြေတာယုဂ်၊ ဒွါပရာယုဂ်၊ ကလိယုဂ် စသည့် စတုယုဂ်သည်ပင် နှစ်သန်းပေါင်း များစွာရှိခဲ့သည်။ ရှေးပဝေသဏီမှစ၍ ယဉ်ကျေးမှု မြင့်မားသော ပျူလူမျိုးတို့သည် မြန်မာပြည်အနှံ့အပြားတွင် ရှိခဲ့ကြသည်။ တကောင်းဒေသ၊ ရွှေဘို၊ ဟန်လင်း၊ ကံထူးမ၊ မဟာမြိုင်၊ ပဍ္ဍလငါးမြို့နှင့် ယောနယ်၊ ဆောနယ်၊ ပခုက္ကူနယ်၊ ပုလဲနယ်၊ ပုံတောင်ပုံညာနယ်၊ ထီးလင်းနယ်၊ ကလေး၊ ရေစကြို စသည့်ဒေသများ၊ ဗိဿနိုး၊ သရေခေတ္တရာ၊ မင်းဘူး၊ မကွေး၊ စလင်းဒေသများ၊ ချောင်းဦး၊ ငါန်းဇွန် စသည့် ဒေသများ၊ ကျောက်ဆည်၊ မြစ်သား၊ ပျဉ်းမနား၊ လယ်ဝေး၊ တောင်သာ စသည့်ဒေသများ၊ ရခိုင်ဒေသတွင် ဝေသာလီ၊ ဓညဝတီ၊ မြောက်ဦးနှင့် ရှမ်းပြည်နယ် ပင်းတယ၊ ညောင်ရွှေ၊ လွိုင်ကော် စသည့်ဒေသများမှသည် ကရင်ပြည်နယ်ဘက် ဘုရင့်ညီဂူ စသည့်ဒေသများ၊ သုဝဏ္ဏဘူမိ၊ သထုံ၊ ကျိုက္ကသာ၊ ဟံသာဝတီ ပဲခူး၊ မြောင်းမြ၊ ပုသိမ် စသောဒေသများ၊ သံဖြူဇရပ်၊ ရေးနှင့်ထားဝယ်ဘက်တွင် ကလိန်အောင်၊ သာဂရ၊ ရှင်မုတ္တီး စသည့် ဒေသများ၊ မြိတ်၊ တနင်္သာရီ စသည်တို့တွင် ယဉ်ကျေးမှုမြင့်မားသော ပျူလူမျိုးများတို့သည် မြို့ပြနိုင်ငံများ ထူထောင်၍ နေထိုင်ခဲ့ကြပြီးဖြစ်သည်။ နောင်တွင် ထိုပျူလူမျိုးတို့သည် မိမိတို့ထက် ယဉ်ကျေးမှုမြင့်မားသော မဇ္ဈိမဒေသမှ မြတ်စွာဘုရား၏ အမျိုးအနွယ် သကျအနွယ်ဝင် သာကီဝင်များနှင့် ပေါင်းစပ်ကာ အလွန်ယဉ်ကျေးသော မြို့ပြနိုင်ငံကြီးကို ထူထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

တကောင်းမြို့ဟောင်းကို ရှေးဟောင်းသုတေသနဌာနမှ တူးဖော်လိုက်ခြင်းဖြင့် နိယတ မိစ္ဆာဒိဋ္ဌိများဖြစ်သော နယ်ချဲ့ကိုလိုနီ သမိုင်းပညာရှင်တို့နှင့် ယင်းတို့၏ နောက်လိုက်များက တကောင်းမြို့ဟောင်းသည် ပုဂံမြို့ထက် မစောနိုင်၊ ရှေးမကျနိုင်ဟူသော အဆိုပြုချက်သည်လည်း ဘာနုရာဇာနေမင်းကြီး ထွန်းလင်းလာသည့်အချိန်တွင် ပိုးစုန်းကြူးငယ်၏ အလင်းရောင် ပျောက်ကွယ်သွားသကဲ့သို့ ပျောက်ကွယ်ခဲ့ရပေပြီ။

ကျွန်တော်သည် **သော ဘဂဝါ မဟာရာဇ သီရိအနိရုဒ္ဓဒေဝေန ကတော ဝိမုတ္တတ္ထံ သဟတ္ထေနေဝါတိ။ သော ဘဂဝါ– ဤဘုရားကို၊ မဟာရာဇ သီရိအနိရုဒ္ဓဒေဝေန–ကြီးမြတ်စွာသော ကျက်သရေရှိသော နတ်နှင့် တူသော အနော်ရထာမင်းကြီးသည်၊ ကတော–ပြုပြီ၊ ဝိမုတ္တတ္ထံ–သံသရာမှ လွတ်မြောက်ပါရခြင်းအလို့ငှာ၊ သဟတ္ထေ နေဝါတိ–လက်တော်ဖြင့်သာလျှင် သွန်းလုပ်တော်မူပါသည်** ဟု စာတမ်းပါသော အနော်ရထာမင်းကြီး အုတ်ခွက်တို့ဖြင့် တည်ဆောက်ထားသည့် လေးမျက်နှာဘုရားကြီးကို ဖူးမြော်ရင်း မြန်မာအစ တကောင်းက ဒေသတွင် ဤဘုရားကြီးကို အသစ်တစ်ဖန် တည်ထားကိုးကွယ်ကြပြီဖြစ်ပါ၍ မြန်မာပြည်သူပြည်သားအပေါင်းတို့ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကာ နိုင်ငံတော်ကြီး စည်ပင်သာယာဝပြောပြီး ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ထွန်းပကာ ကမ္ဘာအနှံ့တည်ပါစေကြောင်း ဆုတောင်း မေတ္တာလောင်း၍ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်၊ အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီသည် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးတည်ချက်များနှင့်အညီ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်နိုင်

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသော ဆောင်းပါးခေါင်းစဉ်မှာ **“စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးနှင့် တပ်မတော်”** ဖြစ်သည်။

ဆောင်းပါးရေးသားရာတွင် ပေးထားသောခေါင်းစဉ်နှင့် ကိုက်ညီခြင်း၊ အကြောင်းအရာ အချက်အလက်ပြည့်စုံခြင်း၊ အရေးအသား ရှင်းလင်းပြေပြစ်ခြင်း၊ သတ်ပုံသတ်ညွှန်းမှန်ကန်ခြင်း၊ အစီအစဉ်ကျခြင်း အင်္ဂါရပ်များနှင့် ညီညွတ်အောင် ရေးရမည့်အပြင် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်သူများသည် မိမိတို့ကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများ၌ ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူ မဟုတ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ (နှစ်လက်မခွဲxနှစ်လက်မအရွယ်) နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများသည် ယှဉ်ပြိုင်မည့်ဆောင်းပါးကို ၁၅–၂–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစောလွင် ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ထံသို့ တိုက်ရိုက်ပေးပို့ ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန်(၁) (၂၃)ရပ်ကွက် မကွေးလမ်း အမှတ် ၂၈၁/၂၈၂ နေ ဦးညွှန့်သိန်း–ဒေါ်အမာ (ရွှေကျီးမုန့်တိုက်) မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ဗုဒ္ဓလက်ထက်က ဇနီးမောင်နှံများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၅

စာရေးဆရာဦးစိန်လှိုင်(မဟာဝိဇ္ဇာ)က ဘုရားရှင် လက်ထက်တော်က သက်ရှိထင်ရှား ရှိခဲ့ကြသော ဇနီးမောင်နှံ စုံတွဲများနှင့် ပတ်သက်၍ လေ့လာ မှတ်သားဖွယ်၊ လေးစားလိုက်နာဖွယ် အကြောင်းရပ်များကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် လပေါင်း ၂၀တိုင်တိုင် ရေးဖွဲ့ သီကုံးခဲ့သော ဗုဒ္ဓဆိုင်ရာ စာပေများကို စုစည်းလျက် ဗုဒ္ဓလက်ထက်က ဇနီးမောင်နှံများ အမည်ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေလိုက်သည်။ **(အောက်ပုံ)**

အဆိုပါစာအုပ်တွင် **ဥပကနှင့်မဆာဝါ၊ မဟာကပ္ပိနနှင့် အနောဇာ၊ ဝိသာခါနှင့်ဓမ္မဒိန္နာ၊ ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီ၊ နန္ဒမင်းသားနှင့် ဇနပဒကလျာနီ** အစရှိသောစုံတွဲများအပါအဝင် ဇနီးမောင်နှံစုံတွဲ၂၀တို့၏ ဓမ္မသံဝေဂရယူဖွယ်ဖြစ်ရပ်များကို စာပန်းချီခြယ်သထားပြီး ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ဖုန်း-၃၇၆၅၃၂၊ ၇၂၅၅၃၀ သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် နဂါးစာပေတို့တွင် တစ်အုပ်လျှင်ကျပ်၇၀၀ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ကွယ်လွန်သူ ဦးလှဖေအား ရည်စူး၍ အမှတ်၁၅ (မြေညီထပ်) ဇမ္ဗူရဇ်လမ်း စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်မေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ပဒေသာပင် ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်လွင်က လက်ခံယူစဉ်။ (က-ပ)

ပြည်ထောင်စုဒိုင်း ဘောလုံးဗိုလ်လုပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၇ရက် ညနေ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ရောဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအသင်းတတိယရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ မန္တလေးတိုင်းအသင်းက ပဲခူးတိုင်းအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မန္တလေးတိုင်းအသင်းအတွက် အောင်မျိုးလွင်က သုံးဂိုး၊ ဝဏ္ဏဇေယျာလွင်၊ ဇင်လင်းအောင်နှင့်ကျော်မိုးတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ပဲခူးတိုင်းအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ဇင်မင်းထက်နှင့် ချိုသဲမောင်တို့ကတစ်ဂိုးစီသွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မန္တလေးတိုင်း အသင်းအတွက် သုံးဂိုးသွင်းယူပေးသူ အောင်မျိုးလွင်က ရရှိသည်။ **(မြန်မာ့အလင်း)**

ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ တောင်ပေါ်သားနှင့်ရောတိုင်းသားတို့ ဗိုလ်လုပွဲယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၇ရက် ညနေ၃နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့်ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရွှေရတုခေတ်လွန် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲကို ယခင်နှစ်များကဲ့သို့ နယ်မြို့များ၌မကျင်းပဘဲ ရန်ကုန်မြို့၌သာ ပွဲစဉ်အစအဆုံး ကျင်းပခြင်းဖြစ်သည်။ ပထမအဆင့် အုပ်စုပွဲစဉ်များကို တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် လှိုင်မြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့သည်။ ဒုတိယအဆင့်အုပ်စုပွဲစဉ်များကို အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပခဲ့ပြီး အကြိုဗိုလ်လုပွဲစဉ်နှင့်တတိယနေရာလုပွဲကို အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ၁၆သင်း ပါဝင်ယှဉ်ပြိုင် ကစားကြရာ ဒုတိယအဆင့်အုပ်စုပွဲစဉ်သို့ ရှစ်သင်းတက်ရောက်လာခဲ့သည်။ နာမည်ကြီး ရန်ကုန်တိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ပထမအဆင့် မှပင်ထွက်သွားခဲ့ရပြီး ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲစဉ်သို့ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ တက်ရောက်ခဲ့ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် ပထမအဆင့် အုပ်စုပွဲစဉ်၌ ချင်းပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)အသင်းနှင့် တစ်ဂိုးစီ သရေကျကာ ပဲခူးတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကရင်ပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မန္တလေးတိုင်းအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်၌ ပဲခူးတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် ပထမအဆင့်အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ ခုနစ်ပွဲကစားရာတွင် ၁၂ဂိုးသွင်းယူနိုင်ခဲ့ပြီး လေးဂိုးအသွင်းခံခဲ့ရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှ ပွဲစဉ်အလိုက်အကောင်းဆုံး ဆုရရှိထားကြသူများမှာ မျိုးမင်းလတ် က သုံးကြိမ်၊ ထွန်းဝင်းက နှစ်ကြိမ်၊ ထွန်းထွန်းနိုင်က တစ်ကြိမ်တို့ဖြစ်ကြသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် ယမန်နှစ်ပြိုင်ပွဲက ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး မန္တလေးတိုင်းအသင်းကိုရှုံးကာ ဒုတိယနှင့် ကျေနပ်ခဲ့ရသည်။

ဧရာဝတီတိုင်းအသင်း

ဧရာဝတီတိုင်းအသင်းသည် ပထမအဆင့် အုပ်စုပွဲစဉ်၌ ကရင်ပြည်နယ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး စစ်ကိုင်းတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဧရာဝတီတိုင်းအသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် ကချင်ပြည်နယ်အသင်းကို ငါးဂိုး-တစ်ဂိုး၊ မကွေးတိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပဲခူးတိုင်းအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်၌ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

ဧရာဝတီတိုင်းအသင်းသည် ပထမအဆင့်အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ ခုနစ်ပွဲ ကစားရာတွင် ဂိုး၂၀ သွင်းယူခဲ့ပြီး ခုနစ်ဂိုးအသွင်းခံခဲ့ရသည်။ ဧရာဝတီတိုင်းအသင်းမှ ပွဲစဉ်အလိုက်အကောင်းဆုံးဆုရရှိထားကြသူများမှာ အောင်ဇော်လင်းက သုံးကြိမ်၊ ဇော်လင်းအောင်နှင့် မိုးကျော်သူတို့က တစ်ကြိမ်စီဖြစ်သည်။ ဧရာဝတီတိုင်းအသင်းသည် ယမန်နှစ်ပြိုင်ပွဲက ပထမအဆင့်အုပ်စုမှပင် ထွက်ခဲ့ရသည်။

ပွဲကြိုပြောကြား

နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့မှ တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံ၍ ပြိုင်ပွဲအကြို သဘောထားအမြင်များကို မေးမြန်းခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအုပ်ချုပ်သူဦးခင်မောင်စိန်အား မေးမြန်းရာ "မိမိတို့အသင်းအောင်မြင်မှုရရှိရေးအတွက် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အဓိကပံ့ပိုးပေးပြီး ကမ္ဘောဇဘဏ် လီမိတက်ကလည်း အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါကြောင်း၊ မိမိတို့အနေဖြင့် ခရိုင်ပေါင်းစုံပြိုင်ပွဲကို အခြေခံ၍ အားကစားသမားများ ရွေးချယ်ခဲ့ကြောင်း၊ ယမန်နှစ်ပြိုင်ပွဲ၌ ဒုတိယအဆင့်သာရရှိခဲ့သဖြင့် ယခုပြိုင်ပွဲ၌ ပြည်ထောင်စုဒိုင်းရရှိရေးအတွက် အစွမ်းကုန်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ အားကစားသမားများ အထူးစိတ်အားတက်ကြွပြီး ခြေစွမ်းပြနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဧရာဝတီတိုင်းအသင်းသည် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း ညီညွတ်မှုရှိသည့် အသင်းကောင်းတစ်သင်းဖြစ်ပါကြောင်း၊ ရန်ကုန်၌ ရောက်ရှိနေသည့် ပြည်နယ်သားများနှင့် ရန်ကုန်အထိ လိုက်လံအားပေးကြသည့် ပရိသတ်များ အားပေးရကျိုးနပ်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနည်းပြဆရာ ဦးခင်မောင်သန်းကလည်း "နောက်ဆုံးဗိုလ်လုပွဲ၌ ကစားမည့် မိမိတို့အသင်း၏ နည်းဗျူဟာနှင့် ကစားကွက်ကို စိတ်ကူးထဲ၌ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ပွဲကစားသည့်အခါမြင်တွေ့ရမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခံစစ်၊ တိုက်စစ်မျှတအောင် လူနေရာချထားသူများဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအသင်းမှာ တစ်ပွဲထက်တစ်ပွဲ ကောင်းလာကြောင်း၊ မိမိသဘောကျသည့် အသင်းတစ်သင်း ဖြစ်ပါကြောင်း၊ အသင်းတိုင်း ပြည်ထောင်စုဒိုင်းရရှိရေး ရည်ရွယ်ချက်ဖြင့်ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်၍ မိမိတို့လည်း ပထမဆုကိုသာမျှော်လင့်ပါကြောင်း၊ မည်သည့်အသင်းနှင့်မဆိုခက်ခဲသည်၊ လွယ်ကူသည်ဟူ၍ မရှိပါကြောင်း၊ မိမိတို့ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း ပရိသတ်အနေဖြင့် ပြည်ထောင်စုဒိုင်းကြီးကို မျှော်လင့်နေသကဲ့သို့ မိမိတို့ကလည်း ဆန္ဒပြည့်ဝအောင် ကြိုးစားဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဧရာဝတီတိုင်းအသင်း အုပ်ချုပ်သူ ဦးတင်ဝင်းအား မေးမြန်းရာတွင် မိမိတို့အသင်းအနေဖြင့် ပထမအဆင့်အုပ်စုပွဲစဉ်၌ ပထမရရှိခဲ့ပြီး ဒုတိယအဆင့်ဒုတိယပွဲစဉ်၌လည်းပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ ခြင်းဖြစ်ကြောင်း၊ အကြိုဗိုလ်ပွဲစဉ်၌ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို ခက်ခက်ခဲခဲကစားပြီး အနိုင်ရရှိခဲ့ကြောင်း၊ မိမိတို့အသင်း၏ ခြေစွမ်းထက်မြက်နေမှုအရ ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဧရာဝတီတိုင်းအသင်းကို လိုက်လံအားပေးသည့် ဒေသခံပရိသတ်များကိုလည်း ကျေးဇူးတင်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းအသင်း နည်းပြဆရာ ဦးတင်ငြိမ်းကလည်း "မိမိတို့အနေဖြင့် ပြည်ထောင်စုဒိုင်းရရှိအောင် ကစားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် ယမန်နှစ်က ဒုတိယရရှိထားပြီး တစ်ပွဲထက်တစ်ပွဲကောင်းလာသည့် အသင်းဖြစ်၍ လျှော့တွက်၍ မရနိုင်ကြောင်း၊ မန္တလေးတိုင်းကိုနိုင်သည့်ပွဲ၌အလယ်တန်းမှ အားထားရသည့် အမာခံကစားသမားတစ်ဦး ထိခိုက်ဒဏ်ရာရရှိထားသဖြင့် အားနည်းခဲ့ရကြောင်း၊ ၄-၄-၂ ကစားကွက်ကို အခြေခံပြီး ပွဲအခြေအနေကို လိုက်၍ ပြောင်းလဲကစားသွားမည် ဖြစ်ကြောင်း၊ အားပေးသည့်ပရိသတ် အားပေးရကျိုးနပ်အောင် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ခန့်က ပန်းအိုး

ရှေးခေတ်ဂရိလူမျိုးတို့ အသုံးပြုခဲ့သည့် ရှေးဟောင်း ပန်းအိုးတစ်ခုကို တွေ့ရစဉ်။ **(ဝဲပုံ)**

အဆိုပါပန်းအိုးကို ဂရိနိုင်ငံအရှေ့တောင်ပိုင်း ရှေးဟောင်းသုတေသနလုပ်ကွက်တစ်ခုအတွင်း တွေ့ရှိခဲ့ကြရခြင်းဖြစ်ပြီး လက်ရာမြောက်သော ပန်း ချီလက်ရာများဖြင့်မွမ်းမံခြယ်သထားသည်။ သုတေသနရှင်များ၏ အဆိုအရ ဂရိလူမျိုးတို့၏ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ခန့်က ပစ္စည်းတစ်ခုဖြစ်ကြောင်း သိရသည်။ **(အေပီ)**

မုတ်ဆိတ်မွေး အရှည်ဆုံး လူသား

ကမ္ဘာပေါ်ရှိ မုတ်ဆိတ်မွေးအရှည်ဆုံး လူသားတစ်ဦးဖြစ်သည့် မာကိုဖီဂန်အား တွေ့ရစဉ်။ **(ယာပုံ)**

ထိုင်းနိုင်ငံတောင်ပိုင်း ချန်ဘူရီပြည်နယ် ပက်တာယာမြို့တွင် အသက်(၅၂)နှစ်အရွယ် မာကိုဖီဂန်အမည်ရှိ အမျိုးသားကြီးတစ်ဦး၏ မုတ်ဆိတ်မွေးမှာ ၃ဒသမ ၆ ပေရှည်ကြောင်း သိရသည်။ မာကိုဖီဂန်သည် သူ၏မုတ်ဆိတ်မွေးများကို ၁၃နှစ်ကြာ အရှည်ထားခဲ့ဖြစ်သည်ဟုဆိုသည်။

(ရိုက်တာ)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ်ဘောလုံးပွဲများယှဉ်ပြိုင်ကစား မန်ယူ၊အာဆင်နယ်နှင့် နယူးကာဆယ်တို့အနိုင်ရ

အင်္ဂလန် ဖေဖော်ဝါရီ ၅

အင်္ဂလိပ်ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၅)ကို ဖေဖော်ဝါရီ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်၊ အာဆင်နယ်နှင့် နယူးကာဆယ် စသောအသင်းကြီးများ အနိုင်ရရှိခဲ့ကြသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ဖူဟမ်အသင်းတို့သည် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစသည်နှင့် မန်ယူအသင်းသားများ အားပြည့်အင်ပြည့် ယှဉ်ပြိုင်ကစားရာ ပတ်ဂျီဆန်၏ ဂိုးနှင့် ရိုနယ်ဒို၏ အလွတ်တည်ကန်ဘောတို့ဖြင့် ၁၃ မိနစ်အတွင်း မန်ယူက နှစ်ဂိုး–ဂိုးမရှိဖြင့် ဖူဟမ်အသင်းအား ဦးဆောင်ခဲ့သည်။

ထိုက်ထိုက်တန်တန်

မန်ယူ ဂိုးသွင်းအပြီး ရှစ်မိနစ်အကြာ မိုက်ဘရစ်က ဖူဟမ်အသင်းအတွက် ခေါင်းတိုက်ဂိုးဖြင့် ချေပဂိုးသွင်းခဲ့သည်။ သို့ရာတွင် စက္ကန့်ပိုင်းအကြာ လူးဝစ်ဆာဟာက မန်ယူအတွက် တတိယမြောက်ဂိုးကို သွင်းယူလိုက်ပြန်သည်။ ယင်းနောက် နစ္စတယ်ရွိုင်း သွင်းယူသော ဂိုးမှာ ဂိုးလွန်ဘော ဖြစ်သွား၍ မန်ယူတို့ တစ်ဂိုးနစ်နာခဲ့ရသည်။ သို့ရာတွင် ဟယ်လ်ဂူဆင်၏ ဂိုးကြောင့် ဖူဟမ်အသင်း မျှော်လင့်ချက် ရှင်သန်လာပြန်သည်။ နောက်ဆုံး ရိုနယ်ဒို၏ ပွဲသိမ်းဂိုးကြောင့် မန်ယူတို့ဖူဟမ်အသင်းအား လေးဂိုး–နှစ်ဂိုးဖြင့်နိုင်ပြီး ထိုက်ထိုက်တန်တန် သုံးမှတ်ကို ရယူလိုက်သည်။

ကစားအားသွက်

ပွဲစပြီးရှစ်မိနစ်အကြာတွင် ဖူဟမ်ကစားသမား မိုက်ကယ်ဘရောင်းက ဆာဟာအားလူချကစားခဲ့၍ ပြစ်ဒဏ်ဘောရရှိခဲ့သဖြင့် ရိုနယ်ဒိုက ကိုက် ၂၀အကွာမှ အလွတ်တည်ကန်ဘောကန်သွင်းရာ ဂိုးဝင်သွားသဖြင့် ဖာဂူဆန်၏ ကစားသမားများ ကစားအားသွက်လာသည်။

ယင်းနောက် ညာတောင်ပံမှနေ၍ ဖူဟမ်ကစားသမား ရိုစင်နီယာ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို မိုက်ဘရစ်က လှလှပပ ခေါင်းတိုက် သွင်းယူသွားသဖြင့် ဖူဟမ်တို့ ဖွင့်ဆော်ဦးဂိုးစတင်ရရှိသည်။ ယင်းနောက် ဝိန်းဘရစ်ဖြတ်တင်လိုက်သော ဘောလုံးကို ဟယ်လ်ဂူဆင် ခေါင်းတိုက်သွင်းယူရာ မန်ယူဂိုးသမား ပြင်ဆင်ချိန်မရဘဲ ဂိုးပေးလိုက်ရသည်။

ဒုတိယပိုင်းတွင် ဖူဟမ်တို့ ပြန်လည် တိုက်စစ်ဆင်ကစားရာ လူသစ်ဘရောင်းသည် တံကောက်ကြောနာ၍ ၎င်းအစား ရတ်ဒ်စင်စကီး ဝင်ကစားခဲ့သည်။

မန်ယူ မန်နေဂျာ ဖာဂူဆန်က မန်ယူ၏ ခြေစွမ်းကို မြှင့်တင်ပေးရန် ပြုတ်ကျသွားစဉ် ရိုနယ်ဒိုက အပိုင်ကန်သွင်းယူသွားခဲ့သည်။

ပွဲအပြီးဖာဂူဆန်၏စကား

ချယ်လ်ဆီးဖလား ရသွားပြီဆိုတာ ချင့်ချိန်စဉ်းစားစရာ အယူအဆတစ်ခုလို့ထင်ကြောင်း၊ ချယ်လ်ဆီးတို့ မိမိအသင်းအား အချိန်ကြာကြာ ခပ်ဝေးဝေး ချန်ထားနိုင်မှာ မဟုတ်ကြောင်း ပြောကြားသည်။

ပွဲအပြီးဖူဟမ်မန်နေဂျာ၏ဆိုစကား

မိမိ၏အသင်းကစားသမားများ ရွေးချယ်ရာတွင် မှားယွင်းခဲ့လျှင် ထိုအမှားကို အပြစ်ပေးခံရမည်ဖြစ်ကြောင်း၊ တစ်စုံတစ်ယောက်က အမှားလုပ်လာလျှင်လည်း အပြစ်ပေးခံသင့်ကြောင်းဖြင့် ပြောကြားသည်။

မန်ယူနှင့်ဖူဟမ်တို့ ယှဉ်ပြိုင်ကစားရာတွင် ရိုနယ်ဒိုက ပွဲသိမ်းဂိုးကို ဤသို့ သွင်းယူခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

အတွက် ပွဲချိန် ၆၈မိနစ်တွင် နဗီးလ်အစား ဗီဒစ်ကိုလည်းကောင်း၊ ပတ်ဂျီဆန်အစား ရွှန်နေကိုလည်းကောင်း လူလဲကစားခဲ့သည်။

ပွဲပြီးရန်ငါးမိနစ်အလိုတွင် မန်ယူ၏သွင်းဂိုးများကိုချေပနိုင်ရေးအတွက် ဖူဟမ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားလာသည်ကို တွေ့ရသည်။ ပွဲချိန် ၈၆ မိနစ်တွင် ဖူဟမ်ဂိုးသမားနီမီးက နစ္စတယ်ရွိုင်းကန်သွင်းသည့် ဘောလုံးကို ထွက်ပြီးကာကွယ်ရာ ဘောလုံးမှာ

ထိုနေ့က ဘာမင်ဂမ်အသင်းနှင့် အာဆင်နယ်အသင်းတို့သည် စိန့်အင်းဒရူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူး အွန်နရီက အာဆင်နယ်အသင်းအတွက် ၎င်း၏ ၂၀၀ မြောက်ဂိုးသွင်းပြီး ဘာမင်ဂမ်အသင်းအား တန်းဆင်းဇုန်မှ တက်ခွင့်မပေးဘဲထားလိုက်သည်။ ပြင်သစ်ဘောလုံးအကျော် အွန်နရီ

သည် လူသစ်တန်းကစားသမား အဒီဘေယာက အာဆင်နယ်အတွက် ဖွင့်ဆော်ဦးဂိုးသွင်းပေးပြီးနောက် ပွဲချိန် ၆၂ မိနစ်တွင် အာဆင်နယ်တို့အတွက် တတိယမြောက်အဝေးကွင်း အနိုင်ရရှိမှုအမှတ်တံဆိပ်ကို ခတ်နှိပ်လိုက်သည်။

ခြိမ်းခြောက်ခံနေရ

အာဆင်နယ်အသင်းသည်နောက်တန်း ကစားသမားနှစ်ဦး လူစုံတက်စုံ မကစားနိုင်ခဲ့၍ အက်ဖ်အေဖလားမှ ထွက်ရမည့် အနေအထား ရှိနေပြီး ချန်ပီယံလိဂ်နေရာ အတွက်လည်း ခြိမ်းခြောက်ခံနေရသည်။

အာဆင်ဝင်းဂါးက အဒီဘာယာကိုပွဲထုတ်ဖို့ ကြိုးစားလာသည်။ ၎င်းကစားသမားအား အာဖရိကဖလားပြိုင်ပွဲအပြီး တိုဂိုမှ ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ဘာမင်ဂမ်အသင်း တိုက်စစ်မှူး အီမီလီဟတ်စကီးသည် ပွဲချိန်၈၃ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်သွားရသည်။ ၎င်းသည် အင်္ဂလန်ကစားသမားဟောင်းဖြစ်ပြီး ယခုနှစ် ပရီမီယာရှစ်ရာသီတွင် ဘာမင်ဂမ်မှ ခုနစ်ဦးမြောက် အနီကတ်ပြခံရသူ ဖြစ်လာသည်။ အာဆင်နယ်မှ ရေးယက်စ်ကိုက် ၂၀အကွာမှ လှမ်းကန်သွင်းလိုက်ရာ ဂိုးသမားတေလာ ကာကွယ်လိုက်နိုင်သည်။ ပွဲချိန် ၂၁ မိနစ်တွင် ပေါင်ငါးသန်းဖြင့် စာချုပ်လိုက်သည့် အဒီဘေယာက အာဆင်နယ်အတွက် ပထမဆုံးဂိုးကို သွင်းပြလိုက်သည်။

ဘာမင်ဂမ်အသင်းသည် ဒုတိယပိုင်း ပြန်စသည်နှင့် အရှိန်အဟုန်ဖြင့် တိုက်စစ်ဆင်ကစားလာပြန်ရာ ပင်နင့်ကန်သွင်းသောဘောလုံးကို အာဆင်နယ် ကစားသမား ဖာဘရီဂတ်စ် အချိန်မီခေါင်းတိုက် ဖျက်လိုက်ရသည်။

ယင်းနောက် ပွဲချိန်၆၂မိနစ်တွင် အာဆင်နယ် တိုက်စစ်မှူး အွန်နရီက ဖာဘရီဂတ်စ် ထိုးပေးလိုက်သော ဘောလုံးကို ဘာမင်ဂမ်ဂိုးသမား၏ ထောင့်ထဲသို့ အပိုင်ကန်သွင်းယူသွားသည်။

နယူးကာဆယ်နှင့်ပို့စ်မောက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အလန်ရှီးယား (အလယ်)**၏ ထိုးဖောက်ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

ပွဲအပြီးအာစင်ဝင်းဂါးဆိုစကား

လာမည့်သီတင်းပတ်တွင် ဆိုးကင်းဘဲလ် အာဆင်နယ်တွင် ပြန်ကစားတော့မည်ဖြစ်ကြောင်း၊ ၎င်းသည် နောက်တန်းအလယ်အတွက် စိတ်ချရသူဖြစ်ကြောင်း၊ အာဆင်နယ်တွင် အသက် ၂၁နှစ်အောက် အလယ်တန်းသမားနှစ်ဦးရှိကြောင်း၊ ယင်းတို့သည် အသင်းကြီးအဖြစ် ဆက်လက်ရပ်တည်ရေးအတွက် အလွန်ကောင်းသည့် ကစားသမားများပင် ဖြစ်ကြောင်း၊ အွန်နရီသည်လည်း ထူးခြားပြောင်မြောက်စွာ ကစားခဲ့၍ ဂုဏ်ယူပါကြောင်းဖြင့် အာစင်ဝင်းဂါးက ပြောကြားသည်။

ထိုနေ့က နယူးကာဆယ်အသင်းနှင့် ပို့စ်မောက်စ်အသင်းတို့သည် စိန့်ဂျိမ်းစ်ပတ်စ်ခ်၌ ယှဉ်ပြိုင် ကစားခဲ့ကြရာ နယူးကာဆယ် အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နယူးကာဆယ် ကစားသမား အလန်ရှီးယားက သူ၏ အသင်းအတွက် ၂၀၁ ဂိုးမြောက် ဂိုးကို သွင်းပေးခဲ့သည်။

နယူးကာဆယ်အသင်းအတွက် အဖွင့်ဂိုးကို ချားစ်အင်န်ဇိုဘီယာက ပွဲချိန် တစ်မိနစ်တွင် သွင်းယူခဲ့သည်။ နယူးကာဆယ်တို့ ပရီမီယာရှစ်တွင် ခုနစ်ပွဲကစားရာတွင် ပထမဆုံးအနိုင်ရရှိခြင်းဖြစ်၍ တန်းဆင်းဇုန်ဆင်းရမည့် ခြိမ်းခြောက်မှုမှ သက်သာသွားသည်။

နယူးကာဆယ် ကွင်းလယ်ကစားသမားကီရွန်ဒိုင်ယာက ပွဲချိန်၇၄ မိနစ်တွင် ဆိုလာနိုအစား ဝင်ကစားသည်။ ၎င်းသည် ပြီးခဲ့သောနှစ် အောက်တိုဘာ ၃၀ရက်ကတည်းက အလုပ်မှ အဖြုတ်ခံရသော မန်နေဂျာ ဆောင်းနက်စ်က အသိအမှတ်မပြု၍ ပါဝင်မကစားရဟု ဆိုသည်။ ယခုပွဲသည် ၎င်းအတွက် ပထမဆုံး ဝင်ကစားခြင်းဖြစ်သည်။

ပွဲအပြီးအလန်ရှီးယားဆိုစကား

မိမိသည် အသင်းအတွက် ၂၀၁ဂိုးမြောက်ကို စံချိန်တင်သွင်းယူပေးခဲ့ကြောင်း၊ ဂရေမီဆောင်းနက်စ်ကို မြင်စေချင်ကြောင်း၊ ယင်းဂိုးသည် မိမိအတွက်ယုံကြည်မှုကိုဖြစ်စေခဲ့ကြောင်း၊ ထိုက်တန်သည့်သုံးမှတ်ကို ရယူပေးခဲ့ခြင်းဖြစ်ကြောင်းဖြင့် ၎င်းက ပြောကြားသည်။

ထိုနေ့က အခြားပွဲများအဖြစ် ဘော်လ်တန်နှင့်ဝီဂန်တို့ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီသရေ၊ အယ်ဗာတန်က မန်စီးတီးကို တစ်ဂိုး–ဂိုးမရှိနိုင်၊ ဝက်စ်ဘရွန်းက ဘလက်ဘန်းကို နှစ်ဂိုး–ဂိုးမရှိ၊ အက်စ်တွန်ဗီလာက မစ်ဒယ်ဘရော့အသင်းကို လေးဂိုး–ဂိုးမရှိ၊ ဝက်စ်ဟမ်းက ဆန်းဒါးလန်းကို နှစ်ဂိုး–ဂိုးမရှိတို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။ **(အင်တာနက်)**

အာဆင်နယ်နှင့် ဘာမင်ဂမ် အသင်းတို့ယှဉ်ပြိုင်ရာတွင် အသင်းခေါင်းဆောင် အွန်နရီ ဂိုးသွင်းရန် ဘောလုံးကို အပြေးအလွှား ဆွဲယူလာစဉ်။ (ဓာတ်ပုံ–အင်တာနက်)



စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံ ပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ သို့လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဆေးရိုးအမှုန်များကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းရှင့်–

မုံရွာမြို့ မြဝတီရပ်ကွက် နယ်မြေ(၁၂)တွင် ဆေးရိုးလှန်း၊ ဆေးရွက်လှော်ခြင်းများ လုပ်ကိုင်နေသော အိမ်တစ်အိမ်ရှိပါသည်။ အဆိုပါ လုပ်ငန်းမှ ဆေးရိုးအမှုန်များ လွင့်ခြင်းကြောင့် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် ကလေးများ၏ ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။ ထို့အပြင် ဆေးရိုးများ ခိုးလှော်ခြင်းကြောင့် မီးဘေးစိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆေးရိုးနံ့မခံနိုင်သူ

ခွေးလေခွေးလွင့်များ သောင်းကျန်းနေ

စာတည်းခင်ဗျား–

ကျွန်တော်များနေထိုင်ရာ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် ဖေယျာသီရိလမ်းတွင် ခွေးလေခွေးလွင့်များ များပြားစွာ ရှိနေပါသည်။

ယခုအခါတွင် ၎င်းခွေးလေခွေးလွင့်များသည် ရပ်ကွက်နေ ပြည်သူများအား အနှောင့်အယှက်ပြုနေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသားတစ်ဦး

ဆူးကလပ်ကျေးရွာမှ ရေတုံကင် အများပြည်သူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်–

ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာတွင် စည်ပင်သာယာရေးမှ တပ်ဆင်ပေးထားသော ရေတုံကင်ကို ကျေးရွာသူ ကျေးရွာသားများ အားလုံး အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေလိုနေသူ

ကျူးကျော်တဲများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ရပ်ကွက် ၁၀၉ လမ်းထိပ်၌ မီးရထားအုတ်တံတိုင်း နံဘေးတွင် လက်ဖက်ရည်ဆိုင်၊ မီးသွေးတောင့်အလုပ်ရုံ စသည့် တဲလေးငါးလုံး ကျူးကျော်ဆောက်လုပ်ထားပါသည်။

ယခုအခါ ပွင့်လင်းရာသီ ရောက်လာပြီဖြစ်၍ မီးဘေးအန္တရာယ် စိုးရိမ်နေရသည့်အပြင် မီးသွေးမှုန့်၊ အိတ်ခွံမှုန့်တို့ကြောင့် ကျန်းမာရေးပါ ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကျူးကျော်တဲများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

အဘေစီကူးတို့ဆိပ် လက်ဖက်ရည်ဆိုင် စည်းကမ်းရှိရေးဆောင်ရွက်ပြီး

၁၄–၁၁–၂၀၀၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ"အဘေစီကူးတို့ဆိပ် လက်ဖက်ရည်ဆိုင် စည်းကမ်းရှိစေချင်"ခေါင်းစဉ်ပါပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ချောက်မြို့အကြီးတန်းရိပ်သာအတက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ချောက် ဇန်နဝါရီ ၃၁

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကြီးတန်းရိပ်သာအတက်လမ်းနှင့် မြို့မဈေး အနောက်ဘက်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က အဆိုပါလမ်းထိပ် မုခ်ဦးများတွင် ကျင်းပသည်။

အခမ်းအနားတွင် အကြီးတန်းရိပ်သာ အတက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကိုကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်း တင်ပြပြီး ကတ္တရာလမ်းသစ်ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့မဈေး အနောက်ဘက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေရှင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

သာယာဝတီမြို့တွင် ခရိုင်ချင်းဆက် လမ်း အမှတ်(၁)ကို မြို့နယ် စည် ပင် သာ ယာ ရေးအဖွဲ့ ဝန်ထမ်းများ ကျောက်ချောလမ်း ခင်း ဆောင်ရွက်ရာသို့ ပဲခူးတိုင်း (အ နောက်ပိုင်း) စည် ပင် သာ ယာ ရေး အဖွဲ့ တိုင်း ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောက်ဆောက်-ဒါးရဲကောင်း ကျောက်ချောလမ်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

မြစ်သား ဇန်နဝါရီ ၃၁

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျောက်ဆောက်-ဒါးရဲကောင်းကျေးလက် ကျောက်ချောလမ်းပြီးစီးမှု အခြေအနေကို ဇန်နဝါရီ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်စိုးတို့က ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေးသရုပ်ပြ

မင်းဘူးမြို့နယ် စည်ပင်သာယာဈေးကြီးတွင် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေမှုကို ဒီဇင်ဘာ၈ရက်က အမှုဆောင်အရာရှိဦးမြင့်လွင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး(ဈေး) တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ်၌ ငါးမျိုးစိုက်ထည့်

သနပ်ပင် ဇန်နဝါရီ ၃၁

သနပ်ပင်မြို့နယ် သားငါးကဏ္ဍ တိုးတက်ရေးအတွက် ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အပိုင်ကျေးရွာအုပ်စု အောင်ချမ်းသာရွာရှိ လယ်သမားကြီး ဦးသန်းရွှေ၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အပိုင်ကျေးရွာအေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ငါးခုံးမ သားပေါက်ကောင်ရေ ၅၀၀၀၀ကို နွေစပါးစိုက်ခင်းဧက ၁၀၀အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်အဖွဲ့ ဒီဇင်ဘာ၁၆ရက်က ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပျိုးဥယျာဉ်အမှတ်(၁)၌ ခြံစည်းရိုး ကြက်ဆူပင် ပျိုးကိုင်းများ ပျိုးထောင်ထားမှုကို စစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်ကျင်းပ

တီးတိန် ဖေဖော်ဝါရီ ၁

ချင်းပြည်နယ်တီးတိန်မြို့တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို ဇန်နဝါရီ၂၇ရက် နံနက်ရနာရီက မြို့မရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်က အမှာစကားပြောကြားပြီးမြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးဒေါင်ခန့်နန်ကခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းနှင့် ပျိုးထောင်နည်းများ ရှင်းလင်း တင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၂၀၀ကျော်က ခြံစည်းရိုး ကြက်ဆူပင် ပျိုးကိုင်း ၁၆၂၄၀ နှင့် မျိုးစေ့ပေါင်း၁၃၇၆၀ ကို တပျော်တပါး စုပေါင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပုသိမ်မြို့ မဟာဗန္ဓုလ လမ်း ကတ္တရာ ခင်းမှုကို ဇန်နဝါရီ၇ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

ဆင်ဖြူကျွန်းကျေးရွာ၌ ပညာရေးစုံညီပွဲတော်ကျင်းပ

ဆင်ဖြူကျွန်း ဇန်နဝါရီ ၃၁

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့နယ် မြောက်ဇီးကုန်းကျွန်းရွာ မူလတန်းလွန်ကျောင်းဘက်စုံပညာရည်ချွန်ပြိုင်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၂၁ ရက် မွန်းလွဲ၁နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက ဘက်စုံပညာရေးစုံညီ အောင်ပွဲဆီ တေးကဗျာ ရွတ်ဆိုကာ အခမ်းအနားဖွင့်လှစ်ပြီး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးကျော်စိုး၊ မူလတန်းကျောင်းများအုပ်စု ခေါင်းဆောင် ဆရာ ဦးသိန်းထွန်း၊ ကျောင်းအကျိုးတော်ဆောင် ဦးအောင်ဌေး၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ချိုချိုနိုင်တို့က အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ယိမ်း၊ တစ်ပင်တိုင်အကတို့ဖြင့် ဖျော်ဖြေ၍ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲကို ကျင်းပသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏အမျိုးသားနေ့ပြိုင်ပွဲ ပထမဆုရ စည်းလုံးခြင်းသည်အင်အားကိုတင်ဆက်ပြီး **(အောက်ပုံ)** သူငယ်တန်းမှ သတ္တမတန်းအထိ ပညာရည်ချွန်၊ ကဗျာရွတ်၊ ပုံပြောဆုရ၊ အားကစားထူးချွန်၊ စာရိတ္တနှင့် သန့်ရှင်းမှုထူးချွန်ကျောင်းသား ကျောင်းသူများအား ဆရာကြီး ဦးကျော်ဇံဦးနှင့် ဆရာများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(က-ပ)**

ကျေးလက်ဒေသ စာဖတ်ရှုန်မြင့်မားရေး သုတ၊ ရသစာအုပ်များ ကောလင်း၌ လှူဒါန်း

ကောလင်း ဇန်နဝါရီ ၃၁

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကျေးလက်ဒေသ စာဖတ်ရှုန် မြင့်မားရေးအတွက် ၂၀၀၅ခုနှစ်အတွင်း ကျေးရွာများသို့ ကွင်းဆင်း၍ စာပေ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ စာဖတ်ရှုန်မြင့်မားရေး ဟောပြောခြင်း စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး ပညာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့သည် ကောလင်းမြို့နယ် အိုင်ကြီး၊ ပန်းတင်၊ တောင်ကြီး၊ အင်ငူ၊ စံလယ်နှင့် ရွာရှည်တောင်စသော ကျေးရွာများသို့ သုတ၊ ရသ၊ မဂ္ဂဇင်းစာအုပ် ၂၃၂အုပ်၊ သတင်းစာဂျာနယ်၂၈၆၄စောင် တန်ဖိုးငွေ ကျပ် ၇၅၈၄၀၀ကို စေတနာရှင် မန္တလေးမြို့ မီးသတ်တိုက်တန်း(ပထမထပ်)၂၉လမ်း ၈၁ x၈၂ ကြား ဦးထွန်းအောင်ကျော်၊ ဒေါ်ခင်ငွေ၊ကောလင်းမြို့ ခင်မို့မို့ စာပေနှင့် ကြယ်စင် စာပေတို့က ပေးအပ်လှူဒါန်းကြသည်။ **(ဝ၆၂)**

မြန်မာ့အသံ

၇-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (လားရှိုးခရိုင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းအကြောင်း)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (တာဝန်သိမှုနှင့် ဇာတိဂုဏ်) (ညွန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ကြည့်တတ်မှလှမယ်-ရူပါသိမ်း)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အသိုက်)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (လင်ဇီးမှိုအကြောင်း သိကောင်းစရာ-စီဒီထန်-မှုပညာရှင်)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အဋ္ဌမတန်း-သမိုင်း)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၀ ဟောပြောချက် (သာယာအေးချမ်းမောတို့ ပြည်နယ်ရှမ်း)

၁၇း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆောင်းရာသီတွင် ရှောင်ရန်ဆောင်ရန်အနေအစား)

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ပြည်သူ့ကျန်းမာရေးအတွက် အစွမ်းထက်မြက်စေသည့်အားဆေး)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (နှလုံးအေးတဲ့ဆေး)

၁၈း၄၀ ဟောပြောချက် (ကယားရိုးရာဂီတတူရိယာအကြောင်း)

၂၀း၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (ပြည်ထောင်စုနေ့)

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အင်းလေး၌စကားဝိုင်းဖွဲ့ဆွေးနွေး ကျန်းမာရေးပညာပေး စာစောင်များနှင့် ပိုစတာများပေးအပ်

တောင်ကြီး ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေနှင့်အဖွဲ့သည် ဇန်နဝါရီ၂၂ရက်က ညောင်ရွှေမြို့ အင်းလေးဒေသ မိုင်းသောက်ကျေးရွာအုပ်စုရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်က အမျိုးသမီးရေးရာအဖွဲ့၏ဆောင်ရွက် နေမှုများကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင့်တင့်နွယ်က မိခင်သေနှုန်းကျဆင်းရေး၊ ကလေးသေနှုန်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်မှုအကြောင်း ရှင်းလင်းပြောကြားသည်။

ပညာပေးစာစောင်

ထို့နောက် ပြည်နယ်နာယကက ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများကို မိုင်းသောက်ကျေးရွာအုပ်စုမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်စန်းရီအား ပေးအပ်သည်။ ယင်းနောက် မိုင်းသောက်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင် လျှောက်လွှာများ ကိုပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မြင့်ဝေနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မြမြဝင်းတို့က လက်ခံရယူပြီး ပြည်နယ်နာယကနှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ မိုင်းသောက်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၇ ရွာမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

ဆားလင်းကြီးမြို့နယ်၌ ဆားထုံးကျေးရွာတံတားဖွင့်

ဆားလင်းကြီး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာ၌ ဆားထုံးတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၈ရက်က အဆိုပါ တံတားမုခ်ဦးထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆားထုံးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက တံတားနှင့်ပတ်သက်သည့် အချက်အလက်များကိုတင်ပြပြီး ဆားထုံး တံတားကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် အလှူရှင်ရွှေစွန်ညို ဆေးလိပ်ခုံပိုင်ရှင် ဦးအောင်ကြည်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါတံတားသည် ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာနှင့် ဆားထုံးကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းဆက် တံတားဖြစ်ပြီး အလျား၃၅ပေ၊ အနံ ၁၅ပေကို စုစုပေါင်းငွေကျပ် ၄၉သိန်းဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကတာဝန်ယူ ဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၈ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကလေးပြပွဲပြိုင်ပွဲကျင်းပ ညောင်ရွှေ၌ စံပြမိခင်ဆုချီးမြှင့်

ညောင်ရွှေ ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းတွင် ဇန်နဝါရီ ၃ရက်နံနက်၁၀နာရီက (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ ပြိုင်ပွဲနှင့် စံပြမိခင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဒေါက်တာ တင့်တင့်နွယ်က ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရစံပြမိခင်နှင့် ကလေးများအား မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်က ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဝ၂၇)**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဒီဇင်ဘာ ၃၁ရက်က အမှုဆောင်အရာရှိ ဦးဘုန်းမောင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

လက်တွန်းထွန်စက် ဇီဝဒီဇယ်ဆီအသုံးပြု လက်တွေ့ထွန်ယက်

ရေဦး ဖေဖော်ဝါရီ ၅

ရေဦးမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၂၁)ထွန်စက်စခန်း တာဝန်ခံဦးနွဲ့အေးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၂၅ ရက် မွန်းတည့် ၁၂နာရီက မုတ်ဆိကျေးရွာတွင်းရှိ တောင်သူဦးဆွေကြီး၏ လယ်မြေတစ်ဧကတွင်လယ်ယာ–၁၆လက်တွန်းထွန်စက်ကို ဇီဝဒီဇယ်ဆီ အသုံးပြု၍ လက်တွေ့ထွန်ယက်ပြသရာ မုတ်ဆိ၊ ငြုတ်တုံကျေးရွာများမှ တောင်သူများ တက်ရောက် ကြည့်ရှုလေ့လာကြသည်။

ရေဦးမြို့နယ်အမှတ်(၂၁)ထွန်စက်စခန်းမှ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ၂၀၀၅ ခုနှစ်အတွင်း တောင်သူများအား လယ်ယာ–၁၆ လက်တွန်းထွန်စက် ၃၆စီးကို ရောင်းချပေးခဲ့သည်။ **(၃၇၈)**

ဂန့်ဂေါမြို့နယ် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး၊ သုတရသ စာအုပ်မျိုးစုံလှူဒါန်း

ဂန့်ဂေါ ဇန်နဝါရီ ၃၀

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ၃/၂၀၀၅ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ရက်က ဂန့်ဂေါမြို့နယ် မွေ့လယ်ရွာ စာပေပန်းခင်း စာကြည့်တိုက်၌ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ တက်ရောက် အမှာစကားပြောကြားပြီး စာပေပန်းခင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ်တစ်သောင်းကို ပေးအပ်လှူဒါန်းသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး မွေ့လယ်ရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာစာကြည့်တိုက် ၁၁တိုက်သို့ စာအုပ်များကိုလည်းကောင်း၊ မွေ့လယ်ဥက္ကဋ္ဌ ဦးမောင်မောင်က ငွေပဒေသာပင် ကျပ်တစ်သောင်းကိုလည်းကောင်း၊မွေ့လယ်ရွာနေ ဦးအောင်နိုင်လင်းနှင့် မောင်နှမများက ငွေကျပ် နှစ်သိန်းခွဲ တန်ဖိုးရှိ သုတရသစာအုပ်မျိုးစုံ၂၃၈အုပ်ကိုလည်းကောင်း၊ စေတနာရှင်များက ငွေကျပ် နှစ်ထောင့် ငါးရာကို လည်းကောင်း၊ မွေ့လယ်ကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်လွင်နှင့် စာပေပန်းခင်း စာကြည့်တိုက် ကော်မတီဝင် ဦးပြည့်ဝင်းတို့ထံသို့ ပေးအပ်လှူဒါန်းကြသည်။ **(၂၇၃)**

အမ်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅–၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော အမှတ် (၃) ရပ်ကွက် မင်္ဂလာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင် ရွက် နေမှု ကို ဇန်နဝါရီ ၆ရက်က အမှုဆောင် အရာရှိ ဦးခိုင်ထူးနှင့် တာဝန်ခံအင်ဂျင်နီယာဦးညီညီဆွေတို့ ကွင်းဆင်းကြီးကြပ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က၂၀၀၅–၂၀၀၆ခုဘဏ္ဍာရေး နှစ် တွင် ဆောင်ရွက်သော အခစားကျေးရွာ မြေသားရေလှောင်ကန်ကို ဇန်နဝါရီ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသာအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ် စုပေါင်းအမြန်ယာဉ်ငယ်အသင်း ကားတာယာများအခမဲ့ဝေငှ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၃၁

ကျောက်ပန်းတောင်းမြို့နယ် စုပေါင်းအမြန်ယာဉ်ငယ်အသင်း၏ ၂၀၀၆ ခုနှစ် ပထမအကြိမ်အသင်းဝင်မော်တော်ယာဉ်များအား ကားတာယာဝေငှပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက်က စုပေါင်းအမြန်ယာဉ်ငယ် အသင်းရုံးတွင်ကျင်းပသည်။

အခမ်းအနားတွင် ယာဉ်ငယ်လိုင်းပေါင်းစုံအသင်း အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ရီ ဦးဆောင်သောအဖွဲ့ဝင် ရှစ်ဦးတို့က ယာဉ်ငယ်တစ်စီးလျှင်ကာလ တန်ဖိုးကျပ် ၇၁၀၀၀တန်တာယာများ အခမဲ့ဝေငှပေးအပ်ရာ ယာဉ်စီးရေ ၇၅စီးအတွက် ငွေကျပ်သိန်း ၅၀ကျော်ဖိုးကို အသင်းမှပေးဝေခဲ့ကြောင်း သိရသည်။ **(ဝ၆၁)**

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်းရှိ အောင်မင်းအောင်စေတီ ရွှေထီးတော်တင်လှူပွဲနှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် ရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်းရှိ အောင်မင်းအောင်စေတီ ရွှေထီးတော်တင်လှူပွဲနှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ဝတ္တကမြေ အနောက်မြောက်ထောင့်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ရွှေထီးတော်တင်လှူပူဇော်သည်။

စိန်ဖူးတော် တင်လှူပူဇော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အောင်မင်းအောင်စေတီတော်တွင် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။
(သတင်းစဉ်)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အောင်မင်းအောင်စေတီ ထီးတော်တင်လှူပွဲနှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ၏ ပရိကမ္မမင်္ဂလာအခမ်းအနားကို နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း၌ ကျင်းပသည်။

ရှင်းလင်းလျှောက်ထား

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အောင်မင်းအောင်စေတီ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားနှင့် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ မင်္ဂလာအခမ်းအနားများကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် လှည့်လည်သယ်ဆောင်ခြင်း ဝတ်စုံပြည့် အစမ်းလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင် ကိုယ်စားပြု မြို့နယ်များသို့ လှည့်လည်သယ်ဆောင်ခြင်း ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်က ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ ကြည့်ရှုစစ်ဆေးကြသည်။

အစမ်းလေ့ကျင့်သယ်ယူ

ပြည်ထောင်စုအလံတော် လှည့်လည် သယ်ဆောင်ခြင်း၊ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှု အစီအစဉ်အရ ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြို့တော်ခန်းမမှ စတင်ကာ ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြု သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ကိုယ်စားပြု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု တိုက်ကြီးမြို့နယ် ဂျိုးဖြူ အားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့ရင်ပြင်ရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်မြို့တော်ခန်းမသို့လည်းကောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့်မြေစိုက်ပိုစတာများစိုက်ထူရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးဦးတင်စိုးနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အလံ သယ်ယူရေးအဖွဲ့များက ပြည်ထောင်စုလှေကြီးဖြင့်လည်းကောင်း၊ လက်ဆင့်ကမ်း၍လည်းကောင်း စနစ်တကျဖြင့် ဝတ်စုံပြည့်အစမ်းလေ့ကျင့် သယ်ယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- ယခင်က ကြက်ဆူရိုင်းပင်မှာ ခြံစည်းရိုးပင်အဖြစ်သာ အသုံးဝင်နေပြီး ယင်း၏တန်ဖိုးများလည်း အလဟဿ ဆုံးရှုံးနေခဲ့ရသည်။ ယခုအခါ ကြက်ဆူစေ့ကိုကြိတ်၍ရသော ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ)ဖြင့် စက်ယန္တရားများနှင့် ယာဉ်များကို မောင်းနှင်နိုင်။

  ခေါင်းကြီး (စာ-၂)

- ရှေးနှစ်ထောင်ပေါင်းများစွာကပင် ယဉ်ကျေးစွာ ရှိနေခဲ့သော ပျူနိုင်ငံကြီးသည် အခြားဒေသမှ ဝင်ရောက်လာခဲ့ကြသော လူမျိုးများမဟုတ်ကြပါ။ ဤမြန်မာနိုင်ငံ အတွင်းတွင်ပင် ရှေးပဝေသဏီ နှစ်ထောင်ပေါင်း၊ သိန်းပေါင်းများစွာကပင် တည်ရှိနေကြသော လူမျိုးများဖြစ်။

  ဒေါက်တာဦးဖေညာဏ်၏ ဆောင်းပါး (စာ ၁၀-၁၁)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး, နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်
လားရှိုး, ပင်လောင်း	၄ ဒီဂရီစင်တီဂရိတ်